http://www.dhammadownload.com



# ပုညာရာမဆရာတော် အရှင်ပုညာနန္ဒ၏ ထေရုပ္ပတ္တိအကျဉ်းချုပ်

ပုညာရာမဆရာတော် အရှင်ပုညာနန္ဒအလောင်းလျာကို ပဲခူးတိုင်း၊ ကဝမြို့နယ်၊ ရှမ်းကန်ကျေးရွာ၌ ခမည်းတော် ဦးဘိုးလှ၊ မယ်တော် ဒေါ်ခင်စီတို့က ကောဇာသက္ကရာဇ် ၁၃၂၁ - ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁) ရက်၊ ၁၇ - ၉ - ၁၉၅၉ ခုနှစ်၊ ကြာသပတေးနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ပါသည်။ ငယ်နာမည်မှာ မောင်မြင့်ဇော် ဖြစ်၍ မောင်နှမ (၇) ယောက်တို့တွင် သားဦးရတနာဖြစ်ပါသည်။

အရှင်ပုညာနန္ဒ အလောင်းလျာသည် ခေတ်ပညာကို ရှမ်းကန်ကျေးရွာ၌လည်းကောင်း၊ ကဝမြို့နယ်၊ မကြက်ကြီးကျေးရွာ၌လည်းကောင်း၊ ရန်ကုန်မြို့ တာမွေအမှတ် (၁)အထက်တန်းကျောင်း၌လည်းကောင်း အသီးသီး ဆည်းပူးသင်ယူ အောင်မြင်ခဲ့၍ တပ်မတော် (လေ) ၌ ၁၂ - နှစ်ကြာမျှ တာဝန်ထမ်းဆောင်ခဲ့ပြီး လုပ်သားကောလိပ်၌ တတိယနှစ်အထိ ပညာသင်ယူခဲ့ပါသည်။

ဆရာတော် အလောင်းလျာသည် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ အသံတော်တရားများ အမှတ် (၁) စာအုပ်ကို ဖတ်ရှုရာမှ သံဝေဂ ရရှိမှု၊ ကျေးဇူးတော်ရှင် ရွှေဥမင်ဆရာတော်ဘုရားကြီး၏ အဆုံးအမ၊ ကျေးဇူးရှင်ဇနိတာရာမဆရာတော်ဘုရား၏ လမ်းညွှန်မှုများဖြင့် ၁၃၅၃ - ခုနှစ်၊ ကဆုန်လပြည့် စနေနေ့ (၂၇ - ၄ - ၁၉၉၁) ရက်နေ့ နံနက် (၈း၄၅) နာရီ အချိန်တွင် ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဇနိတာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဇနိတာလင်္ကာရအား ဥပဇ္ဈာယ်ပြုလျက် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ပရိယတ္တိ၊ ပဋိပတ္တိ အလုပ်များကို ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဇနိတာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက် ဆရာတော်ထံ၌လည်းကောင်း၊ ရွှေဥမင်တောရ ဆရာတော်ဘုရားကြီးထံ၌လည်းကောင်း၊ တောင်စွန်း ဓမ္မဒူတဆရာတော် ဘဒ္ဒန္တပညာဇောတ (အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဝိသိဋ္ဌဒီယ ဘာဏကနှင့် သိရီပဝရဓမ္မာစရိယ)၊ မုဒုံမြို့ ကျောက်တစ်လုံးတောရဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ (ပဋ္ဌာန်ကာယပိဋကတ္တယပါဠိပါရဂူ)၊ တောင်စွန်းဓမ္မဒူတ တောရကျောင်း ဘဒ္ဒန္တ ပညိဿရ (ဓမ္မာစရိယ)၊ မော်ဘီ ဓမ္မဒူတဇေတဝန်တောရ ဘဒ္ဒန္တ ခေမိန္ဒ (ဓမ္မာစရိယ) တို့ထံ၌ ပါဠိစာပေ ကျမ်းဂန်များကို သင်ယူဆည်းပူးခဲ့ပါသည်။

ဆရာတော်သည် ဝိပဿနာတရားစခန်းများကို ဒေသအသီးသီးနှင့် ပြည်တွင်း ပြည်ပနိုင်ငံများသို့ လှည့်လည်ဟောပြော ပြသနေစဉ် (၂၂.၁၀.၂၀၀၉) ရက်နေ့တွင် အိန္ဒိယနိုင်ငံ၊ ပတ္တနားမြို့၌ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပြီ ဖြစ်ပါသည်။

ဆရာတော် ပျံလွန်တော်မူပြီးသည့်နောက်ပိုင်း ဆရာတော်၏ သာသနာပြု လုပ်ငန်းများကို ခမည်းတော် ဘဒ္ဒန္တဝိစာရနှင့် တပည့်ယောဂီအပေါင်းတို့မှ ဆက်လက် တာဝန်ယူဆောင်ရွက်နေပြီး လစဉ် (၁၀) ရက် တရားစခန်းနှင့် ဝါတွင်း ရက်(၁၀၀) တရားစခန်းများကိုလည်း ပုံမှန် ဖွင့်လှစ်လျက်ရှိပါသည်။

http://www.dhammadownload.com

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်
ပဓာနနာယကဆရာတော်

# အရှင်ပုညာနန္ဒ

(ဗဟုဇနဟိတစရ)

# သတ္တဝါတို့၏မှီရာ



http://www.dhammadownload.com

# ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်



ပဓာန နာယကဆရာတော်

# အရှင်ပုညာနန္ဒ

ဓမ္မကထိက ဗဟုဇနဟိတဓရ
ကမ္မဋ္ဌာနာစရိယ

http://www.dhammadownload.com

# ဆရာတော်အရှင်ပုညာနန္ဒ၏ သာသနာပြုလုပ်ငန်းများကို

## ခမည်းတော် ဘဒ္ဒန္တဝိစာရ

## မှ

## ဆက်လက်ဆောင်ရွက်

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်၏ ဦးစီးပဓာန နာယက၊ ပြည်တွင်းပြည်ပ နယ်လှည့်သာသနာပြု ဓမ္မကထိက၊ ဗဟုဇနဟိတဓရ ဆရာတော် အရှင်ပုညာနန္ဒ ဟောကြားတော်မူသော တရားတော်များစာအုပ်, တိပ်, CD, VCD, DVD များအား သာကေတမြို့နယ်၊ (၉) ရပ်ကွက်၊ နဝရတ်လမ်း၊ ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်တွင် ဝယ်ယူရရှိနိုင်ပါသည်။

လစဉ် အင်္ဂလိပ်လဆန်း (၁၃) ရက်နေ့တိုင်း (၁၀) ရက် တရားစခန်းများကိုလည်း ပုံမှန် ဖွင့်လှစ်ပြီး မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယခံ ဓမ္မကထိကများမှ အလှည့်ကျ ဟောပြောပြသမည်ဖြစ်ရာ၊ ဆရာတော် ပျံလွန်တော်မူပြီးသည့်နောက်ပိုင်း ဆရာတော် ဆောင်ရွက်တော်မူခဲ့သော သာသနာပြုလုပ်ငန်းများကို ခမည်းတော် ဘဒ္ဒန္တဝိစာရ နှင့် တပည့်သာဝကများမှ ဆက်လက်တာဝန်ယူ ဆောင်ရွက်နေပါသည်။

## ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်

နဝရတ်လမ်း၊ (၉) ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

☎ - ၅၅၃၃၃၀၊ ၅၅၁၁၇၂

http://www.dhammadownload.com

1296030

K-300

[illegible] ခရွှေဂါန [illegible]
[illegible] ၄ [illegible] ရန်ကုန်မြို့ [illegible]
ဖုန်း ၉၃၈၈၁၀ (လိုင်းခွဲ ၁၆၃ ရန်ကုန်မြို့

http://www.dhammadownload.com

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊
သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။
သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊
တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။

- ဒါနအားလုံးကို ဓမ္မဒါနက အောင်နိုင်၏။
- အရသာအားလုံးကို တရားအရသာက အောင်နိုင်၏။
- မွေ့လျော်ဖွယ်အားလုံးကို တရား၌ မွေ့လျော်ခြင်းက အောင်နိုင်၏။
- ဒုက္ခအားလုံးကို တဏှာကုန်ခြင်းက အောင်နိုင်၏။

စိရံ တိဋ္ဌတု သဒ္ဓမ္မော၊
ဓမ္မေ ဟောန္တု သဂါရဝါ။

ဘုရားရှင်၏ အဆုံးအမ သာသနာတော်သည်
အဓွန့်ရှည်စွာ တည်ပါစေသတည်း။
သဒ္ဓမ္မ သုံးဖြာ၌ ရိုသေလေးစားခြင်း ရှိကြပါစေကုန်သတည်း။

http://www.dhammadownload.com

## " နမောပြန်ဘုရားရှိခိုး "

## ( နမောတဿ ယတော မဟိမတော ယဿ တမောန )[၁]

**ယတောမဟိမတော** - အကြွင်ဒါနပါရမီ သီလပါရမီ နိက္ခမပါရမီ ပညာပါရမီ ဝီရိယပါရမီ ခန္တီပါရမီ သစ္စာပါရမီ အဓိဋ္ဌာနပါရမီ မေတ္တာ ပါရမီဥပေက္ခာ ပါရမီတည်းဟူသော ပါရမီဆယ်ပါး အပြားသုံးဆယ် များကျယ် အညီ ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်းကြောင့် (ဝါ) ဥစ္စာပစ္စည်းကိုစွန့်ခြင်း သမီးသားကိုစွန့်ခြင်း ဇနီးမယားကိုစွန့်ခြင်း အင်္ဂါကြီးငယ်ကိုစွန့်ခြင်း အသက်ကိုစွန့်ခြင်းတည်းဟူသော စွန့်ခြင်းကြီး ငါးပါးကို စွန့်ခြင်းတည်းဟူသော တန်ခိုးသိဒ္ဓိအစွမ်းကြောင့် (ဝါ) သတ္တဝါ အပေါင်း၏အကျိုးငှာ ဖြည့်ကျင့်တော်မူခြင်း ဆွေမျိုးအပေါင်း၏ အကျိုးငှာ ဖြည့်ကျင့်တော်မူခြင်း ဘုရားအဖြစ်၏အကျိုးငှာ ဖြည့်ကျင့်တော်မူခြင်းတည်း ဟူသော စရိယသုံးပါးကို ဖြည့်ကျင့်တော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်းကြောင့် (ဝါ) ဒေဝပုတ္တမာရ် ကိလေသမာရ် ခန္ဓမာရ် မစ္စုမာရ် အဘိသင်္ခါရမာရ်တည်း ဟူသော မာရ်ငါးပါးကို အောင်မြင်တော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်းကြောင့် (ဝါ) သုံးပါးဝိဇ္ဇာ ပု-ဒိ-အာနှင့် ဝိမာက္ကစွေ ဒိဗ္ဗထည့်လေငြား ရှစ်ပါးဝိဇ္ဇာတို့ကို သိမြင်တော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်းကြောင့် (ဝါ) မဟာပဓာန ဒုက္ကရ စရိယာကို ခန္ဓာတော်နွမ်း ပင်ပန်းကြီးစွာ ခြောက်နှစ်ကြာအောင် ကျင့်စွမ်း တော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်းကြောင့်။

**ယဿဗုဒ္ဓဿ** - တန်ခိုးရှင်သိဒ္ဓိရှင် အကြွင်သစ္စာလေးပါး တရား သိမြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ သန္တာန်တော်၌။

http://www.dhammadownload.com



တမော - အဝိဇ္ဇာလျှင် အရင်းမူလရှိသော တစ်ထောင့်ငါးရာ ကိလေသာတည်းဟူသော အမိုက်မှောင်သည်။

န - မကျန်မကြွင်း ပျက်ခြင်းမလှ ပျက်စီးရသဖြင့် အလျှဉ်းမျှပင် ရှိတော်မမူတော့ချေ။

တဿ ဗုဒ္ဓဿ - တန်ခိုးရှင်သိဒ္ဓိရှင် အဝိဇ္ဇာလျှင် အရင်းမူလရှိသော တစ်ထောင့်ငါးရာ ကိလေသာတည်းဟူသော အမိုက်မှောင်ကင်းစင် ထိုသစ္စာလေးပါးတရားသိမြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား။

မေ - သူတော် သူမြတ် လူနှင့်နတ်တို့ ကျေနပ်ရန်မျှော် ဘုရားတပည့်တော်သည်၊

နမော - မင်္ဂလာစရဏ လက်ဦးစ၍ ကြည်စွကော်ရော် ပူဇော်မြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းသည်။

အတ္ထု - နေ့ညမစဲ အမြဲမကွာ မှန်စွာမသွေ ဖြစ်ပါပေ၏။

ဣတိ ဗုဒ္ဓ ပဏာမေန - ဤသို့ ဘုရားရှင်အား ရှိခိုးကြောင်းဖြစ်သော ပဏာမကုသိုလ်စေတနာကြောင့်။

မေ - မအောင်သေးခင် အောင်ကြွေးတင်၍ အောင်မြင်ရန်မျှော် ဘုရားတပည့်တော်၏။

ဝေါတုမှာကံ - မအောင်သေးခင် အောင်ကြွေးတင်၍ အောင်မြင်ရန်မျှော် အသင်သူတော်စင် တရားနာပရိသတ်အပေါင်းတို့၏။

ယထိစ္ဆိတတ္ထော - အကြင်အကြင် အလိုရှိအပ် တောင့်တအပ်သည့် ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာ အထွေထွေသည်။

ယထဏ္ဏာသယံ - အကြင်အကြင် အလိုရှိအပ် တောင့်တအပ်သည့် အတိုင်း။

သမိဇ္ဈတု - ထင်စွာမျက်မှောက် ဝင်လာရောက်၍ ဖြိုးမောက်လျှံညီး အံ့လောက်ချီးရအောင် ပြီးပြည့်စုံပါစေသတည်း။

( သာဓု . . . သာဓု . . . သာဓု )

http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# သစ္စာပါတို့ရဲ့မှီရာ တရားတော်

သာသနာတော်နှစ် ၂၅၅၃ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၁ ခုနှစ် ဝါခေါင်လဆန်း (၈) ရက်၊ ၂၀၀၉ ခု ဇူလိုင်လ(၂၉)ရက်နေ့ ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၉) ရပ်ကွက်၊ နဝရတ်လမ်း၊ ပုညာရာမ မိုးကုတ်ဝိပဿနာ ကျောင်းတိုက်ကြီးတွင်းမှာ ဆင်ယင်ကျင်းပပြုလုပ်သော သတ္တမကြိမ်မြောက်၊ မိုးကုတ်ဝိပဿနာရက်ရှည်၊ ရက် (၁၀၀) အထူးစခန်း ရက် (၃၀) မြောက်နေ့ ဘုရားအမှူးရှိတဲ့ သံဃာတော်မြတ်ကိုအမှူးထားပြီး သံဃာ့ဂုဏ်ကို အာရုံပြုလို့ ဒီလိုတရားဝင် တရားအားထုတ်ကြတဲ့ ယောဂီသူတော်စင်အပေါင်းကို ယနေ့ အရုဏ်ဆွမ်းတွေ၊ နေ့ဆွမ်းတွေ၊ ညနေဖျော်ရည်တွေ၊ တစ်နေ့တာလုံး လိုလေသေးမရှိ ပြည့်ပြည့်စုံစုံနဲ့ ပံ့ပိုးပြီးတော့ ဖြည့်ဆည်းလှူဒါန်းကြတဲ့အလှူရှင်တွေကတော့ မကွေးတိုင်း၊ မကွေးမြို့မှာ နေထိုင်ကြတဲ့ လွန်ခဲ့တဲ့ (၁၀) နှစ်ခန့်က ရုပ်နာမ်နှစ်ပါး ချုပ်ပျောက် ပျက်စီးသွားသော ကျေးဇူးရှင် ဖခင်ကြီး ဦးဆင့်၊ လွန်ခဲ့တဲ့ (၉)နှစ်ခန့်က ရုပ်နာမ်နှစ်ပါးချုပ်ပျောက်သွားတဲ့ အဖွားဖြစ်သူ ဒေါ်လေးရှိန် တို့ကို ရည်စူးပြီးတော့ မိခင်ကြီး ဒေါ်ခင်ထွေး အမှူးထားလို့ သားသမီး များဖြစ်ကြတဲ့ မဝင်းဝင်းမော်၊ မသူဇာနွယ်၊ မသိင်္ဂီ၊ မနွယ်နီအောင်၊ မောင်သတိုးအောင်၊ မောင်ကျော်သူရ "သမင်ငါးကောင်စတိုး" မိသားစုတို့ကနေပြီးတော့ လှူဒါန်းပေးတဲ့ကောင်းမှုပွဲ၊ ယနေ့ကစပြီးတော့

http://www.dhammadownload.com



သက်ဆုံးတိုင် ကိုယ့်ရဲ့ဖြည့်ဆည်းရမယ့်အပိုင်း၊ လုပ်သင့် လုပ်ထိုက်တဲ့ အလုပ် ကျေနပ်အားရစွာနဲ့ ပိုင်ပိုင်မိမိ ပြုလုပ်နိုင်အောင် အနုမောဒနာ တရားအနေနဲ့ ဟောကြားပေးမယ့် တရားက သံယုတ္တနိကာယ်၊ သကာဒါဝဂ္ဂ သံယုတ်ပါဠိတော်မှထုတ်နုတ်ဟောကြားအပ်သော "သတ္တဝါတို့ရဲ့မှီရာ" တရားတော်။

မိမိတို့အားလုံး ဘာကိုမှီရမယ်ဆိုတာလေး ကောင်းစွာသဘော ပေါက်အောင် ဒီတရားတော်ကို မဟောကြား မနာကြားမှီ မိမိတို့နဲ့အတူ တရားတွေကို လာရောက်နာယူပြီး ပေးဝေသမျှ အမျှတွေကို သာဓုခေါ်ဆို နိုင်အောင် ရည်စူးအပ်တဲ့ အဖွားဒေါ်လေးရှိန်၊ ဖခင်ကြီး ဦးဆင့်တို့ကို အစထားပြီးတော့ တရားနာကြားလိုတဲ့ ပရိသတ်အပေါင်းကို ဖိတ်ကြားပြီး မှပဲ တရားကို ဟောမှာ နာမှာဖြစ်တဲ့အတွက် အာရုံတစ်ပါးစိတ်မသွားဘဲ လေးလေးစားစား အာရုံပြုထားကြပါ။

× × × × ×

ဖိတ်ကြားသင့်၊ ဖိတ်ကြားထိုက်တဲ့ ပုဂ္ဂိုလ်တွေကို ဖိတ်ကြားပြီးတဲ့ နောက်မှာ တရားကို မဟောမီ၊ မနာမီ၊ မူလတရားပိုင်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကို နမောတဿသုံးကြိမ်နဲ့ ညီညီ ညာညာ ကန်တော့လိုက်ကြရအောင် -

**(နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ)[၃]**

'ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရှိခိုးကြည်ညိုပြီးတဲ့နောက် ယနေ့မိမိတို့အားလုံး ရောက်တဲ့ဌာန၊ ရောက်တဲ့ဘဝမှာ သတ္တဝါအဖြစ်နဲ့ ကျင်လည်နေရတဲ့ ကိုယ့်ရဲ့အဖြစ်၊ ငါတို့အတွက်မှီရာသည် ဘာလဲ? ဒါလေးကို ယနေ့သိပြီးတော့ ကိုယ့်ရဲ့မှီရာအစစ်ကို ကောင်းစွာသဘော

http://www.dhammadownload.com



ပေါက်ပြီး ကြိုးစားနိုင်ဖို့က တရားအပေါ်မှာ နာကြားမှုမရှိရင်လည်း မသိနိုင်ဘူး၊ တရားနာကြားပြီးတော့လည်းပဲ ကျင်ကြံကြိုးစားအားထုတ်နှလုံးသွင်းမှုကို မလုပ်ပြန်ရင်လည်း ရနိုင်ပါ့မလား'

'မရနိုင်ပါဘူးဘုရား'

'လောကမှာ တစ်ဦးနဲ့တစ်ဦးဟာ အကြောင်းပြုပြီးတော့ မှီရာမှီရာအားကိုးရာလို့ အပြန်အလှန်ထင်ခဲ့ကြပေမယ့် တကယ့်မှီရာအစစ်ကို သေချာ မသိလို့ သံသရာမှာ ဒုက္ခမျိုးစုံကော မကြုံဘူးလား'

'ကြုံပါတယ်ဘုရား'

'ယနေ့ ဒါတွေက လွတ်မြောက်ပြီးတော့မှ ကောင်းမှုရှင်များကလည်း ယနေ့ ကိုယ်ပြုတဲ့ကောင်းမှုတွေမှာ အာရုံပြုပြီး ငါတို့ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တွေကို ယနေ့ပိုင်ပိုင်မိမိနဲ့ လုပ်နိုင်အောင် ကိုယ်လှူခဲ့တဲ့ ကောင်းမှုကုသိုလ်တွေပေါ်မှာ အာရုံပြုပြီးတော့မှ ပိုင်ပိုင်မိမိနဲ့ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တွေကို ယနေ့ ရောက်နေကြတဲ့ တရားနာပရိသတ်တွေလည်း လုပ်နိုင်အောင်လို့ ဒီတရားတော်ကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံး၊ တစ်ည သန်းခေါင်ယံမှာ မထင်ရှားတဲ့ နတ်သားလေးတစ်ပါးက ရောက်လာပြီးတော့မှ မေးခွန်းပြဿနာထုတ် သွားတဲ့အတွက်ကြောင့် မို့လို့ ပြန်လည်ဖြေကြားဟောခဲ့တဲ့ တရားတစ်ပုဒ်လို့ မှတ်ထားနော်'

'မှန်လှပါဘုရား'

'အဲတော့ နတ်သားလေးက ဘုရားထံကို ရောက်လာတဲ့အခါမှာ စတင်ပြီးတော့ မေးလိုက်တာက'

**"အဘယ်တရားဟာ၊ သတ္တဝါ၊ ဖြစ်ပွားစေပါသနည်း"**

http://www.dhammadownload.com



'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ လောကမှာရှိနေကြတဲ့ သတ္တဝါတွေ ဘယ်တရားက ဖြစ်စေခဲ့ပါသလဲဘုရားလို့ ပထမဆုံး မေးခွန်းထုတ်လိုက်တယ်နော်'

'မှန်လှပါဘုရား'

'အဲဒီတော့ တို့တွေအားလုံး ကြည့်လိုက်ပါ။ ဟောဒီ သံသရာထဲမှာ ကျင်လည်နေရတဲ့ဘဝကို ပြန်ကြည့်လိုက်ရင် ဟောဒီ ပစ္စုပ္ပန် (၂) အကွက်မှာ သတ္တဝါအဖြစ်နဲ့ တို့တွေအားလုံးက လူ့ဘဝမှာ လူ့သတ္တဝါ၊ နတ်ဘဝ၊ ဗြဟ္မာဘဝမှာ သူ့ဆိုင်ရာဆိုင်ရာ ပုံသဏ္ဌာန်လေးတွေနဲ့ သတ္တဝါအဖြစ်နဲ့ ရပ်တည်ကြရ၊ အပါယ်လေးဘုံမှာ လည်သွားပြီးတော့ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်အဖြစ်နဲ့လည်း ဖြစ်ရတဲ့ သတ္တဝါတွေကော မရှိဘူးလား'

'ရှိပါတယ်ဘုရား'

'အဲဒီ သတ္တဝါတွေ အားလုံးသည် ပြန်ခြုံကြည့်လိုက်ရင် အပါယ်လေးဘုံ ဘယ်သူမှ မသွားချင်ဘူးနော်'

'မှန်လှပါဘုရား'

'ဒါပေမယ့် တို့အတိတ်ကလည်းပဲ အဲဒီဘဝတွေကို ရောက်ခဲ့တဲ့ အတွက်ကြောင့်မို့လို့ မသိမှု အဝိဇ္ဇာဖုံးပြီးတော့ ရထားတဲ့ဘဝကို အကြောင်းခံပြီး ကောင်းမှုကုသိုလ်ကံလေးတွေ ပြုပြီးတော့လည်း လူချမ်းသာလိုချင်တာ ဘယ်သူပါလိမ့်'

'တဏှာပါဘုရား'

'နတ်ချမ်းသာလိုချင်တာ'

'တဏှာပါဘုရား'

http://www.dhammadownload.com



'ဗြဟ္မာချမ်းသာလိုချင်တာ'

'တဏှာပါဘုရား'

'အဲဒါကို အခြေခံထားပြီး ကြိုးစားခဲ့လို့ ယနေ့ သုဂတိဘုံမှာ လူလာဖြစ်ကြတယ်၊ နတ်လာဖြစ်ကြတယ်၊ ဗြဟ္မာလာဖြစ်ကြတယ်၊ ဒီလိုကော မရှိဘူးလား'

'ရှိပါတယ်ဘုရား'

'အပါယ်လေးဘုံကျတဲ့ ပုဂ္ဂိုလ်တွေကြည့်လိုက်ပါ၊ သူတို့တွေသည် အပါယ်လေးဘုံသွားချင်လား မေးရင်'

'မသွားချင်ပါဘူးဘုရား'

'အပါယ်လေးဘုံကို မသွားချင်ပေမယ့် ကိုယ်ရခဲ့တဲ့ ဘဝပေါ်မှာ အဖိုးတန်တာလည်း မသိ၊ သားရေး၊ သမီးရေး၊ စီးပွားရေးပေါ်မှာလည်း ဒီသား၊ ဒီသမီး၊ ဒီဇနီးမယား၊ ဒီအိမ်ထောင်စု၊ ဒီပစ္စည်းဉစ္စာတွေပေါ်မှာ တွယ်တာတပ်မက်တာ ဘယ်သူပါလိမ့်'

'တဏှာပါဘုရား'

'တဏှာ၊ တွယ်တာတပ်မက်တာ တဏှာနော်၊ အမှန်ကို မသိမှု အဝိဇ္ဇာနော်'

'မှန်လှပါဘုရား'

'အဲဒီတော့ ပစ္စည်းဉစ္စာအပေါ်မှာ တွယ်တာတပ်မက်တယ်၊ သားသမီးပေါ်မှာ ချစ်ခင်တယ်၊ ဒါကြောင့် လူချင်းတူတူ၊ သူချင်းမျှမျှ နေချင်စေတဲ့ ဟောဒီတဏှာရဲ့ စေခိုင်းမှုကြောင့် သူများအသက်လည်း သတ်ပြီး ရှာကျွေးခဲ့တယ်နော်'

'မှန်ပါတယ်ဘုရား'

http://www.dhammadownload.com



'သူများဥစ္စာ ခိုးဆိုးတိုက်ခိုက်ပြီးတော့လည်း မရမကနဲ့ အကုသိုလ်တွေ ထုံးဖွဲ့ပြီး မလုပ်ဘူးလားဟေ့. . .'

'လုပ်ပါတယ်ဘုရား'

'အဲဒီ သားသမီးကို ချစ်လို့ လုပ်ခဲ့တဲ့အလုပ် ဟုတ်လား'

'ဟုတ်ပါတယ်ဘုရား'

'ဒီပစ္စည်းဥစ္စာရဲ့ပေါ်မှာ တွယ်တာတပ်မက်တဲ့ တဏှာရဲ့စေခိုင်းမှုကြောင့် လုပ်ခဲ့တဲ့အလုပ်၊ အဲဒီအလုပ်ကြောင့် ဟောဒီ ပစ္စုပ္ပန်မှာ သူနဲ့ထိုက်တန်တဲ့ အပါယ်လေးဘုံမှာ လာမဖြစ်ရဘူးလား'

'ဖြစ်ရပါတယ်ဘုရား'

'အပါယ်လေးဘုံကို လိုချင်လို့ရတာ ဟုတ်သလား'

'မဟုတ်ပါဘူးဘုရား'

'သို့သော်လည်းပဲ သားသမီးတွေပေါ်မှာ ချစ်တဲ့တဏှာ၊ ဥစ္စာပစ္စည်းပေါ်မှာ တွယ်တာတဲ့တဏှာ၊ ဒီတဏှာအရင်းခံပြီးတော့ အကုသိုလ်လုပ်တဲ့အတွက် အကုသိုလ်နဲ့ထိုက်တန်တဲ့အဖြစ်တော့ ခံရတာပဲနော်'

'မှန်လှပါဘုရား'

'ကိုယ်က လူချမ်းသာ၊ နတ်ချမ်းသာကို လိုချင်ပြန်တော့ အဲဒီတဏှာ အရင်းခံပြီးတော့ ကောင်းမှုကုသိုလ်ကံ မလုပ်ခဲ့ဘူးလား'

'လုပ်ခဲ့ပါတယ်ဘုရား'

'လုပ်ခဲ့တဲ့အတွက် လူလာမဖြစ်ဘူးလား'

'ဖြစ်ပါတယ်ဘုရား'

'နတ်ပြဟ္မာကော မဖြစ်ဘူးလား'

'ဖြစ်ပါတယ်ဘုရား'

http://www.dhammadownload.com



'ဒီကနေပြီးတော့မှ ကိုယ်က လက်ရှိရတဲ့ဘဝကနေပြီးတော့ ဟောဒီ သားတွေ၊ သမီးတွေ၊ စည်းစိမ်ဥစ္စာတွေပေါ်မှာ တွယ်တာ တပ်မက်ပြန်တယ်ဆို ဘယ်သူလာမလဲ'

'တဏှာလာပါတယ်ဘုရား'

'တဏှာလာပြန်ရင်လည်း ဒီသား၊ ဒီသမီးတွေကို လူချင်းတူတူ၊ သူချင်းမျှမျှ၊ မျက်နှာငယ်တဲ့ဘဝက မနေရအောင်ကွာဆိုပြီးတော့ စည်းစိမ်ရှင်လေး ဖြစ်ချင်တဲ့အတွက်ကြောင့်မို့လို့ ရတဲ့နည်းနဲ့ အကုသိုလ်တွေနဲ့ ထုံးဖွဲ့ပြီးလုပ်တဲ့ပုဂ္ဂိုလ်တွေကော မရှိဘူးလား'

'ရှိပါတယ်ဘုရား'

'ဒါဖြင့်ရင် အကုသိုလ်တွေကို လုပ်ချင်လို့ လုပ်တာလား၊ သားသမီးတွေကို ချစ်လို့လား'

'သားသမီးတွေကို ချစ်လို့ပါဘုရား'

'ကိုယ့်ဘဝကိုယ် သူများထက် မသိမ်ငယ်ချင်ရင်တော့ အဲဒီဘဝလေး ပြည့်စုံချင်တာ ဘယ်သူပြန်လဲ'

'တဏှာပါဘုရား'

'စည်းစိမ်ဥစ္စာရတာလေးကို တွယ်တာနေတာလည်း ဘယ်သူလဲ'

'တဏှာပါဘုရား'

'အဲဒါလေးကို ကြီးပွားချင်တဲ့အတွက်ကြောင့်မို့ အကုသိုလ်ကံတွေ လုပ်ပြန်တော့ ဟော. . . ကမ္မဘဝ ပစ္စယာ ဇာတိဆိုပြီး အပါယ်ချောက်ထဲ တွန်းမချဘူးလား'

'တွန်းချပါတယ်ဘုရား'

http://www.dhammadownload.com



'အပါယ်ကို ကျစေတာလည်း ပြန်ကြည့်လိုက်တော့ ဘယ်သူ့လက်ချက်'

'တဏှာရဲ့ လက်ချက်ပါဘုရား'

'အခု လူချမ်းသာ၊ နတ်ချမ်းသာ လိုချင်တာ ဘယ်သူတုန်း'

'တဏှာပါဘုရား'

'အဲဒီတော့ လူ့ပြည်၊ နတ်ပြည်ရောက်ကြောင်းလေးတွေ ကုသိုလ်ကံလေးလုပ်ပြီးတော့ တောင်းဆုတွေချွေပြီးတော့ ဟောဒီကံတွေကို ဆုတောင်းမယ်ဆိုရင် ဒီကံနဲ့ ထိုက်တန်တဲ့ အကျိုးပေးမလာဘူးလား'

'လာပါတယ်ဘုရား'

'လူဖြစ်တယ်၊ နတ်ဖြစ်တယ်၊ ဗြဟ္မာဖြစ်တယ်ဆိုတာလည်း ဘယ်သူ့ကြောင့်တုန်း'

'တဏှာကြောင့်ပါဘုရား'

"တဏှာတရားဟာ၊ သတ္တဝါ၊ ဖြစ်ပွားစေပါသတည်း"

'ဟောဒီ လောကထဲမှာ ရှိနေကြတဲ့ သူသူငါငါအားလုံး ပုံသဏ္ဌာန်မျိုးစုံနဲ့ လာဖြစ်နေရတဲ့သတ္တဝါအဖြစ် ဘယ်သူ့လက်ချက်လဲဟေ့'

'တဏှာရဲ့လက်ချက်ပါဘုရား'

'တဏှာက ဖြစ်စေတယ်ဆိုတာ မမေ့နဲ့နော်'

'မှန်လှပါဘုရား'

'ဟောဒီတဏှာတရားသည် သတ္တဝါတွေကို ဖြစ်စေတဲ့တရားခံပဲ၊ သူရှိတဲ့အတွက်ကြောင့်မို့လို့ ဟောဒီ လူချမ်းသာ၊ နတ်ချမ်းသာ လိုချင်ရင်လည်းပဲ ကောင်းမှုကုသိုလ်ကံလုပ်ပြီးတော့ ရအောင်ကြိုးစားသွားတယ်၊ အပါယ်ကိုကျရတာလည်းပဲ ဒီသား၊ ဒီသမီး ချစ်တဲ့တဏှာ၊ ဒီဥစ္စာကို

http://www.dhammadownload.com



မခွဲနိုင်တဲ့တဏှာ၊ ဆွေမျိုးသားချင်တွေပေါ်မှာ တွယ်တာတဲ့တဏှာ၊ အဲဒီတဏှာက အခြေခံထားပြီး အကုသိုလ်တွေ လုပ်တော့လည်း အပါယ်မကျဘူးလားဟေ့'

'ကျပါတယ်ဘုရား'

'အပါယ်ကျတာ လိုချင်လို့ကျတာ ဟုတ်သလား'

'မဟုတ်ပါဘူးဘုရား'

'ဒါပေမယ့် အပါယ်ကို လိုချင်လို့တော့ မဟုတ်ဘူး၊ သို့သော်လည်းပဲ ဒီပစ္စည်း၊ ဥစ္စာ၊ သားသမီးတွေပေါ်မှာတွယ်တာတာ ဘယ်သူလဲ'

'တဏှာပါဘုရား'

'သူရှိရင် သူ့ရဲ့အကုသိုလ်လုပ်ခဲ့တဲ့ ကံတွေက ပို့မှာပဲနော်'

'မှန်လှပါဘုရား'

'ဒါကြောင့်မို့လို့ အပါယ်လေးဘုံ ကျတယ်၊ လူ့ပြည် နတ်ပြည်ဆိုတဲ့ (၃၁)ဘုံထဲမှာ ကျင်လည်နေရတဲ့ သတ္တဝါတွေအားလုံး ဘယ်သူ့လက်ချက်'

'တဏှာရဲ့လက်ချက်ပါဘုရား'

'ကဲ. . . တဏှာလက်ချက်ကြောင့် တို့တွေဖြစ်လာခဲ့ပြီနော်'

'မှန်လှပါဘုရား'

'အတိတ်က တဏှာလက်ချက်ကြောင့် တို့သတ္တဝါအဖြစ်နဲ့ရပြီ၊ ဟောဒီတဏှာကို အရင်းခံထားရင် သတ္တဝါဘဝက ဆုံးမှာမဟုတ်တော့ဘူးနော်၊ သို့သော်လည်း ဟောဒီဖြစ်လာတဲ့ တဏှာရဲ့လက်ချက်ကြောင့် ရလာတဲ့ သတ္တဝါအဖြစ်နဲ့ ရောက်နေတဲ့ဘဝမှာ ဘယ်သူမှ အငြိမ်မနေရအောင် ပြေးလွှားရှုန်းကန် လှုပ်ရှားနေရတဲ့သဘော မရှိဘူးလား'

'ရှိပါတယ်ဘုရား'

http://www.dhammadownload.com



'ဒီကိုယ်ကြီးကို အငြိမ်နေအောင်ကော နေလို့ရလားဟေ့. . .'

'မရပါဘူးဘုရား'

'မကျန်းမမာဖြစ်လို့ကော ငြိမ်နေနိုင်ရဲ့လား'

'မနေနိုင်ပါဘူးဘုရား'

'မငြိမ်ဘူး၊ အဲဒါလေးတွေကိုလည်း ကြည့်ရအောင်က-

"ထိုသတ္တဝါအား၊ ဘယ်တရားက၊ ပြေးလွှားစေပါသနည်း"

'တို့တွေက တဏှာရဲ့လက်ချက်ကြောင့် ဟောဒီ ဆိုင်ရာဆိုင်ရာ ဘုံဘဝတွေမှာ ပုံသဏ္ဌာန်မျိုးစုံလေးတွေနဲ့ သတ္တဝါအဖြစ် လာဖြစ်တယ် နော်'

'မှန်လှပါဘုရား'

'ရှိတာကတော့ ငါ သူတစ်ပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တဝါ မရှိဘူးဟေ့၊ ရုပ်နာမ်ပဲရှိတယ်ဆိုတာကိုတော့ ဓမ္မအမြင်ကတော့ ဘုရား မဟောဘူးလား'

'ဟောပါတယ်ဘုရား'

'သို့သော်လည်း လောကမှာ ပုံသဏ္ဌာန်တွေတင်ပြီးတော့မှ ယောကျ်ား မိန်းမ ငါ သူတစ်ပါး လူ နတ် ဗြဟ္မာလို့တော့ တင်မပြောဘူး လား'

'ပြောပါတယ်ဘုရား'

'အဲဒီတင်ပြောတဲ့ သတ္တဝါတွေကို ဘယ်သူ့လက်ချက်လို့ဟော'

'တဏှာရဲ့ လက်ချက်လို့ ဟောပါတယ်ဘုရား'

'တဏှာလက်ချက်နဲ့ လာဖြစ်နေတယ်၊ ဟောဒီသတ္တဝါတွေ

http://www.dhammadownload.com



တစ်နေ့မှ အငြိမ်မနေရအောင် ပြေးလွှားနေရတဲ့သဘော မရှိဘူးလား ရှိနေလား'

'ရှိပါတယ်ဘုရား'

'အေး. . အဲဒီပြေးလွှားသွားအောင်လို့ ဘယ်တရားက ဒီသတ္တဝါတွေကို လုပ်နေသလဲလို့ မေးတယ်နော်'

'မှန်လှပါဘုရား'

"ထိုသတ္တဝါအား၊ စိတ်တရားက၊ ပြေးလွှားစေပါသတည်း"

'ယနေ့ သတ္တဝါတွေ ကိုယ့်အိမ်ထဲမှာလည်း အိမ်ရှေ့ကအိမ်နောက်၊ အိမ်နောက်က အိမ်ရှေ့၊ အငြိမ်မနေနိုင်အောင် သွားနေရတာလည်း ဟောဒီခန္ဓာကိုယ်ကြီး လှုပ်ရှားအောင် ဘယ်သူခိုင်း'

'စိတ်ကခိုင်းတာပါဘုရား'

'စိတ်ခိုင်းလို့ လိုက်လုပ်နေရတာနော်'

'မှန်လှပါဘုရား'

'တစ်အိမ်ကတစ်အိမ် သွားနေရတာလည်း ဘယ်သူ့ကြောင့်'

'စိတ်ကြောင့်ပါဘုရား'

'ဟော. . . တစ်ရပ်ကွက်နဲ့ တစ်ရပ်ကွက် လျှောက်လှည့်လည်နေတာလဲ'

'စိတ်ကြောင့်ပါဘုရား'

'ဟုတ်ကောဟုတ်သလား'

'ဟုတ်ပါတယ်ဘုရား'

'တစ်ရွာနဲ့တစ်ရွာ ကူးနေရတာလည်း ဒီခန္ဓာကိုယ်ကြီးတာကြောင့်

http://www.dhammadownload.com



သွားနေတုန်း'

'စိတ်ကြောင့်သွားနေတာပါဘုရား'

'စိတ်ခိုင်းနေလို့လေ၊ ပြေးလိုက်ရတာ နေပူထဲကောရှောင်ရဲ့လား'

'မရှောင်ပါဘူးဘုရား'

'မိုးရွာထဲမှာ ပြေးခိုင်းရင် မပြေးဘူးလား'

'ပြေးပါတယ်ဘုရား'

'နေပူကြီး ဒီလောက်ပင်ပန်းပြီးတော့မှ တို့တွေ ဟောဒီ ဒုက္ခမျိုးစုံနဲ့ ရင်ဆိုင်ပြီး ကြုံတွေ့နေရတဲ့အဖြစ်တွေကို မရပ်မနားနဲ့နေရတာ စိတ်က ခိုင်းရင် သွားရတယ်နော်'

'မှန်လှပါဘုရား'

'ဒါဆိုရင် မှတ်ထားလိုက် နာမ်မလိမ္မာရင်တော့ ရုပ်ဆင်းရဲမယ်နော်'

'မှန်လှပါဘုရား'

'ဘယ်လိုတဲ့'

'နာမ်မလိမ္မာရင် ရုပ်ဆင်းရဲရမှာပါဘုရား'

'နာမ်လိမ္မာမှ ရုပ်အေးချမ်းမယ်၊ ဘာလိမ္မာမှ'

'နာမ်လိမ္မာမှ ရုပ်အေးချမ်းမှာပါဘုရား'

'ဒါကြောင့်-

**"နာမ်မလိမ္မာ၊ ရုပ်နာလိမ့်မည်"**

'ဘာမလိမ္မာရင်လဲ'

'နာမ်မလိမ္မာရင်ပါဘုရား'

'နာမ်မလိမ္မာတဲ့အတွက်ကြောင့်မို့လို့ သူတော်စင်များ ကိုယ့်ကိုယ်

http://www.dhammadownload.com



ကို ဖျားနာနေတယ်၊ ခေါင်းကိုက်နေတယ်၊ အို. . . ညည်းညူရအောင် ဖြစ်နေပါတယ်၊ သို့သော်လည်းပဲ ကိလေသာအမှိုက်တိုက်ကများ နှိုးဆော်လိုက်ပြီဆိုရင် ထပြီးတော့ကော မပြေးရဘူးလား'

'ပြေးရပါတယ်ဘုရား'

'ခေါင်းကိုက်တယ်၊ ဗိုက်နာတယ်ဆိုတဲ့ ဆင်ခြေကော ရှိသေးလား'

'မရှိပါဘူးဘုရား'

'အဲဒီပူလောင်မှု ဒုက္ခတွေကြားထဲမှာ ကြည့်စမ်း၊ သွားဟဲ့ဆို သွားရပြန်ပြီ၊ ပြေးဟဲ့ဆို ပြေးရပြန်ပြီ၊ လုပ်ငန်းလေးကို စိတ်မချလို့ သွားဆိုလည်း မသွားရဘူးလား'

'သွားရပါတယ်ဘုရား'

'ကဲ-တစ်ချို့တွေများ ကိုယ့်ရဲ့ ခြေတွေ လက်တွေ နာနေတယ်၊ တစ်ချို့တွေ ခြေတွေ လက်တွေ ကျိုးနေကြမယ်၊ အဲဒီအချိန်အခါလေးမှာ မင်းကွာ နားလိုက်စမ်းပါ၊ နားပါလို့ အနားပေးပေမယ့် အဲဒီအချိန်အခါမှာ သူ့ခမျာ မနားနိုင်အောင် အိမ်ကနေ ဆိုင်ကို ပြေးမယ်၊ ဆိုင်ကနေ အိမ်ကို သွားမယ်၊ ဟော. . တစ်မြို့ကတစ်မြို့ကို သွားမယ်၊ ဘယ်သူခိုင်းရင်'

'စိတ်ကခိုင်းရင်ပါဘုရား'

'အဲဒီတော့ ကိုယ်ကော မပင်ပန်းဘူးလား'

'ပင်ပန်းပါတယ်ဘုရား'

'ဘယ်သူမလိမ္မာလို့'

'နာမ်မလိမ္မာလို့ပါဘုရား'

'နာမ်မလိမ္မာရင် ရုပ်နာလိမ့်မယ်နော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'နာမ်မလိမ္မာရင်၊ ရုပ်နာလိမ့်မယ်၊ နာမ်လိမ္မာမှ၊ ရုပ်အေး ချမ်းမည်'

'ကဲ. . . ဘာလိမ္မာမှ'

'နာမ်လိမ္မာမှပါဘုရား'

'နာမ်လိမ္မာရင် ကိုယ့်ရဲ့ခန္ဓာကိုယ် အေးချမ်းမှာပဲနော်'

'မှန်လှပါဘုရား'

"နာမ်မအေး၊ ရုပ်ခွေးဖြစ်လိမ့်မည်"

'ယနေ့ ခွေးတွေသွားတာ တွေ့ဖူးလား'

'တွေ့ဖူးပါတယ်ဘုရား'

'နှေးနှေးသွားလား၊ သုတ်သုတ် သုတ်သုတ်သွားလား'

'သုတ်သုတ်သွားပါတယ်ဘုရား'

'ခွေးက ဘယ်လိုသွား၊ အမြဲတမ်း ပြေးနေတာ၊ ဖြည်းဖြည်းချင်းကို မသွားတတ်ဘူးနော်၊ အဲဒီတော့ ဟောဒီစိတ်က ခိုင်းပြီဆိုရင်လည်းပဲ မိမိရဲ့ အဖျားအနာတွေလည်း ဂရုမစိုက်တော့ဘူး၊ နာတာတွေလည်း ဂရု မစိုက်တော့ဘူး၊ ခါးနာ ခေါင်းကိုက်တာတွေလည်း ဂရုမထားတော့ဘူး၊ ပြေးဆိုရင် သုတ်သုတ် သုတ်သုတ်နဲ့ ပြေးလိုက်ရတာ လှစ်ခနဲ လှစ်ခနဲနဲ့ မသွားဘူးလား၊ သွားနေလား'

'သွားနေပါတယ်ဘုရား'

'ဟောဒီကိုယ်ကြီး ဒီလောက်ပင်ပန်းအောင် ဘယ်သူက ခိုင်းနေ တုန်းဟေ့. . .'

'စိတ်က ခိုင်းနေတာပါဘုရား'

http://www.dhammadownload.com



'စိတ်ကပြေးဆို ပြေးနေရတာ အငြိမ်ကိုနေရလား'

'မနေရပါဘူးဘုရား'

'ယနေ့ သူတော်စင်တွေ ကိုယ့်ရဲ့စိတ်လေး ငြိမ်းချမ်းအောင်လို့ တရားလေးအားထုတ်တော့ ကိုယ်ကော မချမ်းသာဘူးလား'

'ချမ်းသာပါတယ်ဘုရား'

'စိတ်ကော မငြိမ်းချမ်းဘူးလား'

'ငြိမ်းချမ်းပါတယ်ဘုရား'

'နာမ်လိမ္မာတော့ ရုပ်ချမ်းသာတယ်၊ ဟုတ်သလား'

'ဟုတ်ပါတယ်ဘုရား'

'နာမ်မလိမ္မာတဲ့အတွက် ကိုယ့်ကိုယ်ကိုလည်း ညှာလား'

'မညှာပါဘူးဘုရား'

'ကိုယ့်အတွက်လည်း ကိုယ်ကြီးစားဆိုတော့ အချိန်က အဲဒီအတွက်က မပေးဘူး၊ ကိုယ့်ကိုယ်ကို ဖြစ်ချင်ရာဖြစ်ဆိုတဲ့ အနေအထားမျိုးကို သုံးသပ်ပြီးတော့ အို. . . ငါမရှိရင်မဖြစ်ဘူးဆိုတဲ့ သဘောတွေ၊ စိတ်မချတဲ့ သဘောတွေ၊ အဲဒါတွေက နှိုးဆော်လာတိုင်း ကိုယ်ကြီးက ပင်ပန်းလိုက်တာ၊ သူခိုးသမျှ၊ သူနှင်သမျှ၊ သူသွားခိုင်းသမျှတွေကို နေပူမှာလည်း မကြောက် မိုးရွာမှာလည်းမရှောင်၊ ဒုက္ခဆင်းရဲကြားထဲမှာ ပြေးလွှားရုန်းကန်ပြီးတော့ မနေရဘူးလားဟေ့'

'နေရပါတယ်ဘုရား'

'အဲဒါ ဘယ်သူ့ကြောင့် ပြေးရတာ'

'စိတ်ကြောင့်ပြေးရတာပါဘုရား'

http://www.dhammadownload.com



'စဉ်းစားနော်၊ လောကမှာရှိတဲ့သတ္တဝါတွေကိုတော့ တဏှာရဲ့ လက်ချက်ကြောင့် ဖြစ်စေပြီ၊ အဲဒီတဏှာက ခိုင်းလို့ သတ္တဝါတွေ ဖြစ်ခဲ့ရပြီ၊ ဖြစ်လာတဲ့သတ္တဝါတွေ တစ်နေ့မှ အငြိမ်မနေနိုင်အောင်ကို ဟိုပြေးလိုက် ဒီပြေးလိုက်၊ ဟိုလွှားလိုက် ဒီလွှားလိုက်၊ တစ်မြို့က တစ်မြို့ကို ပြေးရတာ၊ တစ်ရွာက တစ်ရွာကို ပြေးရတာ၊ တစ်နိုင်ငံက တစ်နိုင်ငံကို မိဝေးဖဝေးနဲ့ ခွဲပြီးတော့ သွားရတာ ပင်ပန်းဆင်းရဲ ဒုက္ခကြားထဲမှာ နစ်မြုပ်ပြီးတော့ ကြိုးစားရုန်းကန်နေရတာ ဘယ်သူပြေးခိုင်းနေတာ'

'စိတ်က ပြေးခိုင်းနေတာပါဘုရား'

'အင်း. . . ကြောက်စရာကောင်းတယ်နော်၊ ဒါကြောင့်မို့လို့ တို့တွေက စိတ်တွေ ပင်ပန်းရင် ပင်ပန်းသလောက် ကိုယ်လည်း ဆင်းရဲတာပဲ၊ အခု စိတ်လေးအေးချမ်းတော့ ကိုယ်ကောမချမ်းသာဘူးလား'

'ချမ်းသာပါတယ်ဘုရား'

'ဘယ်နှစ်ရက်လောက် ချမ်းသာမလဲ၊ ရက် (၁၀၀) ဝင်ရင် ရက် (၁၀၀) ပေါ့နော်၊ တစ်ပတ်ဝင်ရင် တစ်ပတ်ပေါ့၊ အဲဒါကြောင့်မို့လို ဩဝ-ငါတို့ နာမ်မအေး ရုပ်ခွေးဖြစ်လိမ့်မယ်ဆိုတဲ့အတိုင်းပဲ ဟောဒီစိတ်ကသာ မအေးသမျှကတော့ သုတ်သုတ် သုတ်သုတ်နဲ့ သွားနေရမှာပဲ၊ ဟိုပြေး ဒီပြေးနဲ့ မပြေးရဘူးလား'

'ပြေးရပါတယ်ဘုရား'

'အဲဒါဘာဖြစ်နေတာ မပြောပါဘူး၊ တင်စားပေးတာပါ ဟုတ်လား၊ ခွေးက ဘယ်တော့မှ နှေးနှေးမသွားဘူး၊ သုတ်သုတ် သုတ်သုတ်နဲ့ ပြေးနေတာလေ၊ အဲတော့ မိမိတို့စိတ်ထဲမှာ မအေးချမ်းဘူးဆိုရင်လည်း ဘာဖြစ်ပြီလဲ၊ သုတ်သုတ် သုတ်သုတ်နဲ့ အို-သူပြေးသမျှကို ပြေးနေလိုက်ရတာ

http://www.dhammadownload.com



အနားရလားမေးတော့'

'မရပါဘူးဘုရား'

'ဟုတ်လား၊ ဟေ. . . ဒါဖြင့် သင့္ဘာဝါဖြစ်ရတာ ကောင်းလား'

'မကောင်းပါဘူးဘုရား'

'မကောင်းသော်လည်း မပျော်ဘူးလား. . . ပျော်လား'

'ပျော်ပါတယ်ဘုရား'

'ပျော်လား'

'မပျော်ပါဘူးဘုရား'

'ပျော်ပါတယ်၊ မပျော်ဘူးလား. . . ပျော်လား'

'ပျော်ပါတယ်ဘုရား'

**"ဘယ်အရာဟာ၊ သံသရာ၊ လည်ကာရောက်စေသနည်း"**

'အခုသံသရာထဲမှာ တို့တွေအားလုံးဟာ တဝဲဝဲလည်ပြီး မနေခဲ့ရဘူးလား'

'နေခဲ့ရပါတယ်ဘုရား'

'လူ့ဘဝကနေ လူ့ဘဝ၊ လူ့ဘဝကနေ နတ်ဘဝ၊ လူ့ဘဝကနေ အပါယ် လေးဘုံ အပြန်ပြန် အလှန်လှန် ထက်အောက်ဆင်းပြီးတော့ ကျင်လည်ခဲ့ရတဲ့ သံသရာကြီး ရှည်ခဲ့ပြီနော်'

'မှန်လှပါဘုရား'

'အဲဒီ သံသရာကြီးကို လည်ခဲ့တယ် လည်ခဲ့တယ်ဆိုတာ ပြန်ကြည့်လိုက်ပါ၊ တို့တွေ အားလုံးသည် ဟောဒီမိသားစုနဲ့ လာတွေ့ရင် ဒီမိသားစုနဲ့ ခွဲနိုင်လား'

'မခွဲနိုင်ပါဘူးဘုရား'

http://www.dhammadownload.com



'မခွဲနိုင်ဘူး၊ ဒီမိသားစုနဲ့ ပြန်ဆုံချင်တယ်ဆိုတာကိုက တစ်ဦးနဲ့ တစ်ဦး ခွဲမရအောင်ကို တွယ်နေကြတာ တဏှာနော်'

'မှန်လှပါဘုရား'

'အဲဒီတဏှာက တွယ်စေတဲ့အတွက်ကြောင့်မို့လို့ တို့တွေက အမြစ်ဖြတ်မရတဲ့အတွက် ဒီမိသားစု ပြန်ဆုံချင်တယ်လေ'

'မှန်လှပါဘုရား'

'သံသရာရှည်သမျှကို လက်မတွဲချင်ဘူးလား'

'တွဲချင်ပါတယ်ဘုရား'

'မိသားစုလည်း မိသားစုအလျောက်၊ ဆွေမျိုးသားချင်းလည်း ဆွေးမျိုးသားချင်းအလျောက် ကိုယ့်ရဲ့ အဲဒီလိုမျိုး တွယ်ချင်နေတဲ့ တရားတွေ၊ မခွဲချင်တဲ့တရားတွေ ကျင်လည်ခဲ့ရတဲ့ ဘဝတစ်လျောက်မှာ ဟောဒီ သံသရာထဲမှာကွာတဲ့ ဘယ်အရာက လည်စေသလဲလို့ မေးတယ်နော်၊ မမေးဘူးလား မေးလား'

'မေးပါတယ်ဘုရား'

## "ပုဂ္ဂိုလ်သတ္တဝါ သံသရာ၊ လည်ကာရောက်စေသည်"

'ကဲ-မိမိတို့တစ်တွေ သံသရာထဲ လည်တယ်ဆိုတာက ဘာအဖြစ်နဲ့ လည်နေလဲမေးရင် ပုဂ္ဂိုလ်သတ္တဝါအဖြစ်နဲ့ လည်နေကြတာ မိသားစုဆိုလည်း မိသားစု မခွဲနိုင်ကြဘူး၊ ပုဂ္ဂိုလ်သတ္တဝါအဖြစ်နဲ့ပဲ လက်တွဲနေကြတယ်လေ၊ အဲဒီလက်တွဲတဲ့အတွက်ကြောင့်မို့လို့ အဲဒီလို မြင်သွားလို့ မိသားစုအချင်းချင်း ကိုယ်ကမခွဲနိုင်ကြဘူး၊ တစ်ဦးနဲ့တစ်ဦး ချစ်ခင်ကြတယ်၊ ဘယ်ကိုပဲသွားသွား တိရစ္ဆာန်ဖြစ်ရင်တောင်မှ ဆင်ဖြစ်လည်းပဲ တောင်းကြသေးတယ်၊ ငှက်ဖြစ်လည်းပဲ တောင်းကြသေးတယ်၊ အဲဒီလိုမျိုး

http://www.dhammadownload.com



တောင်းဆုတွေချွေတဲ့အတွက်ကြောင့်မို့လို့ ပုဂ္ဂိုလ်သတ္တဝါအဖြစ်နဲ့ လည်ခဲ့ရတဲ့ ဘဝသံသရာဟာ မရှည်ဘူးလား ရှည်လား'

'ရှည်ပါတယ်ဘုရား'

'သံသရာထဲမှာ လည်နေကြတယ်၊ လည်နေကြတယ်ဆိုတာက ခန္ဓာရဲ့ ဉာဏ်ရောက်မှုကို ပိုင်နိုင်စွာမသိတဲ့အတွက်ကြောင့်မို့လို့ ပုဂ္ဂိုလ်သတ္တဝါအဖြစ်နဲ့ လည်နေကြတာ ခန္ဓာမှာကြည့်ရင် အခုဖြစ် အခု မပျက်ဘူးလား'

'ပျက်ပါတယ်ဘုရား'

'အို. . ခန္ဓာရဲ့ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီးကလည်းပဲ အမြဲမပြတ် တလစပ် ဆက်ကာဆက်ကာ အစားထိုးပြီး ဖြစ်လိုက်၊ ပျက်လိုက်နဲ့ ပြနေသလို တို့တွေမှာလည်း ပုဂ္ဂိုလ်သတ္တဝါအဖြစ်နဲ့ လည်ခဲ့တာ အထက်အောက် စုန်ဆန်ပြီးတော့ တက်လိုက် မြုပ်လိုက်၊ ဆင်းလိုက် တက်လိုက် ဒီလိုမသွားဘူးလား သွားနေလား'

'သွားနေပါတယ်ဘုရား'

'အဲ. . မိသားစုတွေ့ရင်လည်း မိသားစု မခွဲနိုင် မခွာနိုင်ကြ၊ ဆွေမျိုးသားချင်းတွေ့ရင်လည်းပဲ မခွဲနိုင် မခွာနိုင်ကြ၊ အပေါင်းသင်း မိတ်ဆွေတွေ့ရင်လည်း တပ်မက်တွယ်တာနေကြတဲ့ အရာတွေက ဟောဒီ သတ္တဝါတွေအဖြစ်နဲ့ လည်ပတ်ဖို့အတွက်ကို ဆွဲချည်ထားတာနဲ့ တူတယ်တဲ့နော်'

'မှန်ပါတယ်ဘုရား'

'ဒါဖြင့် (၃၁) ဘုံထဲမှာ တို့တွေလှည့်ခဲ့ကြပါပြီ၊ ဘာအဖြစ်နဲ့'

'ပုဂ္ဂိုလ်သတ္တဝါအဖြစ်နဲ့ပါဘုရား'

'အဲဒီလိုသာ အာရုံပြုနေရင် လည်နေတဲ့ သဘောလေးက

http://www.dhammadownload.com



ဒါပဲကွာ'ဘဲ့၊ မင်းတို့တစ်တွေသည် အဲဒီပုဂ္ဂိုလ် သတ္တဝါတွေကို အာရုံလေး ပြုပြုပြီးတော့ သဘောကျနေကြတာ၊ တကယ်တမ်းကျတော့ ပြန်ကြည့် လိုက်တဲ့အခါကျတော့ လူတွေ၊ နတ်တွေ၊ ပြဟ္မာတွေဆိုတာ တကယ် ရှိလား'

'မရှိပါဘူးဘုရား'

'သို့သော် ကိုယ်က အဲဒီသတ္တဝါတွေပေါ်မှာ အာရုံလေးပြုပြီး လူဖြစ်ချင်တယ်၊ နတ်ဖြစ်ချင်တယ်၊ ပြဟ္မာဖြစ်ချင်တယ်၊ ဆွေမျိုးသားချင်း ပြန်ဆုံချင်တယ်၊ ဒါကြောင့်မို့လို့ ပြန်ပြီးကြိုးစားတဲ့အတွက် အဲဒီ သတ္တဝါ ဒီဖြစ် ပြန်မရောက်ပြန်ဘူးလား'

'ရောက်ပါတယ်ဘုရား'

'ရောက်တော့ တစ်ခါ မလည်ရဘူးလား'

'လည်ရပါတယ်ဘုရား'

'ဒီလိုနဲ့ ဆုံးဖွယ်ရာမရှိအောင် လှည့်ပတ်နေတဲ့ သံသရာကြီး ဘာကြောင့်များ ဒီလောက်ရှည်လဲမေးရင် ပုဂ္ဂိုလ်သတ္တဝါအဖြစ်နဲ့ လှည့်နေ ကြတယ်၊ ဒါကမွေအစဉ်ကို မပြောခင်မှာ မိမိတို့ရဲ့ တဏှာလက်ချက် ကြောင့် ပြေးလွှားခဲ့ရတဲ့ဘဝ မသက်သာပုံလေးကို မြင်အောင်ပြောတယ် နော်'

'မှန်လှပါဘုရား'

'တစ်နေ့နေ့ပြေးလွှား ရုန်းကန်နေရတဲ့အတွက် သက်သာစရာ အကြောင်း ရှိသလား'

'မရှိပါဘူးဘုရား'

'အဲဒါ ဘယ်သူက ပြေးခိုင်းတာ'

'တဏှာက ပြေးခိုင်းတာပါဘုရား'

http://www.dhammadownload.com



'ဘုရားကတော့ ခန္ဓာဘာသစ္စာလို့ဟော. . .'

'ဒုက္ခသစ္စာလို့ ဟောပါတယ်ဘုရား'

'အခု မိမိတို့က ကျေနပ်စရာကောင်းလားလို့ ကိုယ်လည်းရတဲ့ ဘဝလေးပေါ်မှာ အာရုံလေးပြုပြီး သတိထားနိုင်အောင် ရှေ့ပိုင်းက ပုဂ္ဂိုလ်သတ္တဝါ တင်ပြောနေတာနော်'

'မှန်လှပါဘုရား'

'အဲဒီလိုတင်ပြောတော့ တို့ရထားတဲ့ဘဝသည် ဘယ်သူ့လက်ချက်'

'တဏှာလက်ချက်ပါဘုရား'

'အဲဒီတဏှာက ဖြစ်စေတဲ့ ဟောဒီ သတ္တဝါအဖြစ်နဲ့ ရောက်လာတဲ့ တို့တွေအားလုံးသည် တစ်နေ့တစ်နေ့ အငြိမ်မနေရအောင် ကိုယ်ကို ပင်ပန်းစွာနဲ့ ပြေးလွှားရုန်းကန်ရတာ ဘယ်သူက ပြေးခိုင်းတာ'

'စိတ်က ပြေးခိုင်းတာပါဘုရား'

'အေး. . . ဒါလေးတစ်ချက်လည်း မမေ့နဲ့နော်'

'မှန်လှပါဘုရား'

'အဲဒီစိတ်ကို ငြိမ်းချမ်းအောင် မလုပ်နိုင်သမျှ ကိုယ်ပင်ပန်းမှာပဲ'

'မှန်လှပါဘုရား'

'တို့တွေအားလုံးသည် ဟောဒီသံသရာကြီးရှည်သမျှ ဆက်လည်ရမှာက ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ အာရုံပြုနေသမျှ လည်ရအုံးမယ်၊ ဒါလည်း မဟောဘူးလား.'

'ဟောပါတယ်ဘုရား'

'ကဲ-ဒီတော့ မိမိတို့တစ်တွေ အာရုံပြုလိုက်စမ်းပါ၊ တို့ရထားတဲ့ဘဝ

http://www.dhammadownload.com



သည် ကျေနပ်စရာပါလားမေးရင်'

'မပါပါဘူးဘုရား'

'အခုကြည့်လေ ကိုယ်ရနေတဲ့ ပုဂ္ဂိုလ်သတ္တဝါအဖြစ် လည်နေရတဲ့ ဘဝကိုပဲ တစ်နေ့ကုန်တစ်နေ့ခန်း ပြေးလွှားရုန်းကန်ပြီး ပင်ပန်းဆင်းရဲတဲ့ ခန္ဓာရဲ့ ဒုက္ခတွေနဲ့ ပေးဆပ်နေရတာ တစ်စက်ကလေးမှ အငြိမ်မနေရ ဘြော်. . . ဒါသည်ပင် ဟောဒီစိတ်တရားကနေ အားလုံးကို ပြေးလွှား စေပါလား၊ စိတ်တွေ ပင်ပန်းတိုင်း ပင်ပန်းတိုင်း၊ ယူကြုံးမရတိုင်း ယူကြုံး မရတိုင်း ဒုက္ခတွေက နည်းလား များလား'

'များပါတယ်ဘုရား'

'အဲဒါက တစ်နေ့ထဲလား နေ့တိုင်းလား'

'နေ့တိုင်းပါဘုရား'

'ဘယ်တော့ပြေလည်မတုန်း၊ ပြေလည်ပါတော့မလား'

'မပြေလည်ပါဘူးဘုရား'

'ပြေကို မပြေလည်တော့ဘူး၊ ဒါကြောင့်မို့လို့ သူတော်စင်များကို ဘုရားရှင် ကိုယ်တော်မြတ်ကြီးက အေး. . သံသရာကျင်လည်ရတဲ့ ဘဝ တစ်လျှောက်မှာ တဏှာလက်ချက်နဲ့ ရလာတဲ့ဘဝ ကောင်းတယ်လို့ထင်တဲ့ လူ့ဘဝ လူချမ်းသာတွေ ခန္ဓာရတဲ့အတွက် မင်းတို့အနှိပ်စက်ခံရမှာပါ၊ ဟုတ်သလား'

'ဟုတ်ပါတယ်ဘုရား'

'နတ်ဘဝ၊ နတ်ချမ်းသာလို့ ပြောတဲ့ဘဝလည်း တဏှာလက်ချက် ကြောင့် ရောက်တာ၊ ဒါပေမယ့် တကယ်ပြတဲ့အခါကျတော့ ငါ သူတစ်ပါး ပုဂ္ဂိုလ် သတ္တဝါ ဆိတ်သုဉ်းပြီးတော့မှ လည်ခဲ့ရတဲ့ဘဝတွေကို အနှစ်ချုပ်

http://www.dhammadownload.com



လိုက်တော့ ခန္ဓာပါကွာ၊ အဲဒီခန္ဓာရတဲ့ ပုဂ္ဂိုလ်တိုင်းသည် အနှိပ်စက် မခံရဘူးလား'

'ခံရပါတယ်ဘုရား'

'စိတ်ကလည်း စိတ်အလျှောက် အနှိပ်စက်ခံပဲနေ၁်၊ မိမိတို့တစ်တွေကို နေ့စဉ် နေ့စဉ် အငြိမ်မနေရအောင် ဝမ်းနည်းအောင်လုပ်တာလည်း ဟောဒီ စိတ်မှာပဲနေ၁်၊ ဝမ်းသာအောင်လုပ်တာလည်း'

'စိတ်ပါပဲဘုရား'

'စိတ်ညစ်အောင်လုပ်တာလည်း'

'စိတ်ပါပဲဘုရား'

'စိတ်ပျော်ရွှင်အာင်လုပ်တာလည်း'

'စိတ်ပါပဲဘုရား'

'ကဲ. . . ဘာတွေပဲလုပ်လုပ် အဲဒီနာမ်တရားက မင်းတို့ကို ပျော်အောင် လုပ်တာလည်း နှိပ်စက်တာပဲ၊ ပျော်ပြန်တော့ အပျော်လွန်တော့လည်းပဲ သူခိုးသမျှ မလုပ်ပြန်ဘူးလား'

'လုပ်ပြန်ပါတယ်ဘုရား'

'စိတ်ညစ်တော့လည်း ရင်ဘတ်စည်တီး ငိုပွဲဆင်ပြီးတော့လည်း ကိုယ့်ကို မညှဉ်းဆဲပြန်ဘူးလား'

'ညှဉ်းဆဲပါတယ်ဘုရား'

'ပျော်တော့လည်းပဲ သုခလား ဒုက္ခလား'

'ဒုက္ခပါဘုရား'

'စိတ်ဆင်းရဲတော့လည်း သုခလား ဒုက္ခလား'

'ဒုက္ခပါဘုရား'

http://www.dhammadownload.com



'ဒါ့ကြောင့် ခန္ဓာရှိနေရသမျှ အနှိပ်စက်ခံရမှာပဲ၊ ဒါ့ကြောင့် ဘာသစ္စာ'

'ဒုက္ခသစ္စာပါဘုရား'

'ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အဲဒီလို အဖြေပေးတော့ နတ်သားလေးကလည်းပဲ နာကြားရင်း နာကြားရင်းနဲ့ အတွေးတွေပေါက်လာပြီ၊ ယနေ့ သူတော်စင်တွေလည်း ရထားတဲ့ ခန္ဓာကိုယ်ကြီးက ဘယ်နေရာမှာပဲနေနေဟော့ တို့တွေအားလုံးက ကျေနပ်စရာ ပျော်ရွှင်စရာလို့ ပြောနေပေမယ့် တစ်နေကုန် တစ်နေခန်း ပင်ပန်းဆင်းရဲပြီးတော့ အနှိပ်စက်ခံနေရတာ ဒီခန္ဓာရှိရင် လွတ်မလား'

'မလွတ်ပါဘူးဘုရား'

'နောင်သံသရာမှာလည်း သတ္တဝါအဖြစ် ကျင်လည်အုံး၊ ဒီမိသားစု ပြန်တွေ့ ဒီဒုက္ခ ပြန်မကြုံဘူးလား'

'ကြုံမှာပါဘုရား'

'အဲဒီကြုံနေရတဲ့ ဒုက္ခတွေ ဘာရရင်ကြုံမယ်'

'ခန္ဓာရရင်ကြုံမှာပါဘုရား'

'ဒါ့ကြောင့်-

**"အဘယ်တရားဟာ၊ သတ္တဝါ၊ ကြီးမားဘေးကြီး ဖြစ်သနည်း"**

'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဟောဒီ လည်ပတ်နေတဲ့ သံသရာထဲက သတ္တဝါတွေအားလုံးအတွက် အကြီးမားဆုံး ဘေးဒုက္ခကြီးဟာ ဘာပါလဲဘုရားလို့ ဘုရားကိုမေးတယ်နော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ယနေ့ သတ္တဝါတွေက အဲဒါတွေ အားလုံးကို မသိအောင် မမြင်အောင် တဏှာရဲ့ အချော့အမြှူအောက်မှာ ပြေးလွှားရုန်းကန်ပြီး တော့ ပင်ပန်းဆင်းရဲ ဒုက္ခတွေပေးနေတဲ့ ဟောဒီစိတ်ရဲ့ ပြေးလွှားခိုင်းနေ တဲ့ အရာတွေပေါ်မှာ သက်သာစရာ တစ်ကွက်မှ မရှိပါလားလို့ အနှိပ်စက် ခံရတဲ့သဘောတွေကို မမြင်အောင် တို့တွေကြုံနေရတာက တစ်နေ့ထဲ မဟုတ်ဘူးနော်'

'မှန်လှပါဘုရား'

'နေ့စဉ်နေ့စဉ် ကြုံနေရတဲ့အရာတွေကို မြင်ကို မမြင်ဘူး၊ အခု လည်း ကြည့်လေ၊ ရလာတဲ့ သတ္တဝါအဖြစ်က လူချမ်းသာကောင်းတယ်လို့ ပြောတာ၊ အဲဒီကောင်းတယ်လို့ ပြောတဲ့အရာကို လိုက်ကြည့်လိုက်တဲ့အခါ ကျတော့ ရထားတဲ့ခန္ဓာငါးပါးကိုက တစ်နေ့တစ်နေ့ အိုဘေး၊ နာဘေး၊ သေဘေးတွေ မျိုးစုံ မကြုံဘူးလား'

'ကြုံပါတယ်ဘုရား'

'အို . . ဥတုဘေးရန်တွေကလည်း ဝန်းရံပြီးတော့ ကိုယ့်ကို မနှိပ်စက်ဘူးလား'

'နှိပ်စက်ပါတယ်ဘုရား'

'ရန်သူမျိုးငါးပါးရဲ့ ဘေးကလည်း မတွေ့ဘူးလား'

'တွေ့ပါတယ်ဘုရား'

'ဘေးမျိုးစုံဝိုင်းရံခံပြီးတော့ အနှိပ်စက်ခံနေရတာ ဘာရရင်'

'ခန္ဓာရရင်ပါဘုရား'

'ဒါကို မသိတဲ့အတွက်ကြောင့်မို့လို့ လူချမ်းသာတောင့်တတဲ့ တဏှာ ကြောင့် ပြန်ပြီးလိုချင်လို့ ကံ ကုသိုလ်ကောင်းမှုတွေလုပ်ရင် အဲဒီကုသိုလ်

http://www.dhammadownload.com



ကောင်းမှုကြောင့် လူချမ်းသာပြန်ရရင် ဟောဒီ ဆင်းရဲဒုက္ခ ပြန်မရောက်ဘူးလား'

'ရောက်ပါတယ်ဘုရား'

'ဘေးမျိုးစုံနဲ့ကြုံအုံးမှာနော်'

'မှန်လှပါဘုရား'

'အဲဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ခန္ဓာဆင်းရဲကနေ နောက်ခန္ဓာဆင်းရဲကို ပြန်ပြီးတော့ ရအောင်လို့ ကြိုးစားနေသမျှ အဲဒီပုဂ္ဂိုလ်သည် အပြစ်တကာ့အပြစ်ထဲမှာ အကြီးဆုံးအပြစ်သင့်တာ၊ ဒါဖြင့်ရင် ခန္ဓာဆင်းရဲကနေ နောက်ခန္ဓာကို ရအောင်ကြိုးစားရင် အဲဒီပုဂ္ဂိုလ်သည် အကြီးဆုံးသောအပြစ်ကို သင့်တာပဲတဲ့၊ ဘာဖြစ်လို့လဲ မေးတော့ လက်ရှိရတဲ့ ခန္ဓာကိုယ်က သာယာဖွယ်တစ်ခုမှ မရှိဘူးနော်'

'မှန်လှပါဘုရား'

'ဆင်းရဲသက်သက်နဲ့ မနေရဘူးလား'

'နေရပါတယ်ဘုရား'

'အဲဒီ ဆင်းရဲသက်သက်နဲ့နေရတဲ့ ခန္ဓာရဲ့သဘောကို မသိသမျှ ယနေ့ မိမိတို့တစ်တွေသည် ဟောဒီခန္ဓာလေးပေါ်မှာ အာရုံပြုပြီး မိသားစုပေါ်မှာ အာရုံပြုပြီး ပြည့်စုံတဲ့ပေါ်မှာ အာရုံပြုပြီး ချမ်းသာချင်တယ်ဆိုတဲ့ တဏှာက ချော့တော့မှာပဲ၊ အဲဒီလိုချော့ရင် ကိုယ်ကရအောင် မကြိုးစားဘူးလား ကြိုးစားမှာလား'

'ကြိုးစားမှာပါဘုရား'

'ကဲ. . . ကြိုးစားရင် ဇာတိက ပြန်မစဘူးလား'

'ပြန်စမှာပါဘုရား'

http://www.dhammadownload.com



'ဇာတိပြန်စရင် ဘာရမယ်'

'ဒုက္ခရမှာပါဘုရား'

'ဒုက္ခပြန်ရမှာပဲ၊ ဇာတိရရင် ဘာရမလဲ'

'ဒုက္ခရမှာပါဘုရား'

'တခြားပေါ်တာလား ခန္ဓာပေါ်တာလား'

'ခန္ဓာပေါ်တာပါဘုရား'

'ဇာတိခန္ဓာပေါ်တိုင်း ဒုက္ခကရမှာပဲ၊ အဲဒီ ဇာတိဒုက္ခရပြီဆိုတာနဲ့ ဒီဘက်က ဇရာဒုက္ခကကော နေမလား'

'မနေပါဘူးဘုရား'

'ဗျာဓိဒုက္ခကကော နေပါ့မလား'

'မနေပါဘူးဘုရား'

'မရဏ ဒုက္ခကကော မကြုံဘူးလား'

'ကြုံပါတယ်ဘုရား'

'အိုဘေးမျိုးစုံ ဝိုင်းရံပြီးတော့မှ အနှိပ်စက်ခံရတဲ့ ဟောဒီခန္ဓာကြီးကို မမြင်မသိရင်တော့ မင်းတို့ဒီအတိုင်း သွားမှာပဲ၊ သတ္တဝါအဖြစ်နဲ့ လည်နေရတဲ့ ဘဝတွေသည် ကြောက်စရာကောင်းလောက်အောင်ကို ဘေးမျိုးစုံ ဝိုင်းရံပြီးတော့ အနှိပ်စက်ခံနေရတယ်၊ ဒုက္ခတွေ သိပ်ကြီးတယ်၊ အဲဒီ ဒုက္ခတွေကြီးတဲ့အတွက်ကြောင့်မို့လို့ ဒီဒုက္ခကနေ နောက်ဒုက္ခကို လိုချင်ရင် အဲဒီပုဂ္ဂိုလ် အပြစ်အကြီးဆုံးသင့်တာပဲ၊ ဒါကြောင့်မို့လို့ တို့တွေက ကောင်းမှုကုသိုလ်တွေ လုပ်ပြီးတော့မှ ဟောဒီ လက်ရှိရတဲ့ ဘဝရဲ့ခန္ဓာ အပြစ် ဒုက္ခတွေကိုမှ မသိရင် နောက်ထပ် လူချမ်းသာ လိုချင်တာပဲနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'နတ်ချမ်းသာရအောင်ကော မကြိုးစားချင်ဘူးလား'

'ကြိုးစားချင်ပါတယ်ဘုရား'

'ကြိုးစားချင်ရင် ရသမျှ တခြားပဲလား၊ ဒုက္ခလား'

'ဒုက္ခပါဘုရား'

'ဒုက္ခကနေ ဒုက္ခကို လည်နေသမျှ ဒုက္ခကနေ ဒုက္ခကို သွားပြီး တော့ သူတော်စင်များက ရအောင်ကြိုးစားသမျှ မြတ်စွာဘုရားက အပြစ် တကာ့ အပြစ်တွေထဲမှာ အကြီးဆုံးအပြစ်သင့်တာဟော့. . . ဘာအပြစ် သင့်တာလဲ'

'အကြီးဆုံးအပြစ်သင့်တာပါဘုရား'

'အကြီးဆုံးအပြစ်သင့်နေတာ၊ အဲဒီအပြစ်တွေ မသင့်ရအောင်လို့ ဩော်. . . ဘုရားရှင်ကိုယ်တော်မြတ်က ကြီးစွာသောဘေးကြီးဟာ သတ္တဝါတွေမှာ ဘယ်တရားက သင့်သလဲလို့မေးတော့'

"ဒုက္ခတရားဟာ၊ သတ္တဝါ၊ ကြီးမားဘေးကြီးဖြစ်သတည်း"

'သတ္တဝါတွေအတွက် အကြီးဆုံးသောဘေးဆိုတာ အကြီးဆုံးသော အပြစ်ဆိုတာ ဘာလဲမေးရင် ဒုက္ခတရား၊ ယနေ့ ဖားလေးတွေဟာ မိုးတွင်းကာလကျတော့ သူတို့တွေပေါက်ပြီ၊ အဲဒီအချိန်အခါကျရင် ဒီဖားလေးတွေသည် ညဘက် ညဘက်ရောက်တဲ့အခါကျတော့ မအော် ဘူးလား'

'အော်ပါတယ်ဘုရား'

'ဖားလေးတွေက အော်တယ်နော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အဲဒီလို ဖားလေးတွေ အော်တဲ့အခါမှာ အဲဒီဖားကို လိုက်ရှာနေတဲ့ မြွေသော်လည်းကောင်း၊ ဒါမှမဟုတ်ရင်လည်းပဲ လူသော်လည်းကောင်း၊ အဲဒီ ပုဂ္ဂိုလ်တွေကို ငါဒီမှာရှိတယ် လာကြလို့ သူ့အသံကပဲ သူ့ကို ပြန်ပြီးတော့မှပဲ ဒုက္ခကို လက်ယပ်မခေါ်ဘူးလား'

'ခေါ်ပါတယ်ဘုရား'

'ဖားလေးတွေအော်နေတာ သူတို့ရှိတဲ့နေရာကို ပြတာနော်'

'မှန်လှပါဘုရား'

'ဒါ့ကြောင့် မြွေကလည်း ရောက်ပြီး လာမကိုက်ဘူးလား'

'ကိုက်ပါတယ်ဘုရား'

'လူကလည်း ရောက်ပြီးတော့ လာမဖမ်းဘူးလား'

'ဖမ်းပါတယ်ဘုရား'

'နှိပ်စက်ဒုက္ခမျိုးစုံကို သူက ဟောဒီအသံတွေ ပြုပြုပြီးတော့ ငါရှိနေတယ် လာခဲ့ကြ၊ ပြောသယောင်ပဲနော်'

'မှန်ပါတယ်ဘုရား'

'အခုလည်း ခန္ဓာရတဲ့ ပုဂ္ဂိုလ်တိုင်းသည် ဟောဒီခန္ဓာကြီးက ဘေးမျိုးစုံကို ခေါ်နေတယ်၊ ဒုက္ခမျိုးစုံကို ခေါ်နေတယ်၊ ဘယ်ဒုက္ခမဆို ခန္ဓာရှိရင် ခံရ မခံရ'

'ခံရပါတယ်ဘုရား'

'ဘယ်ဘေးမျိုးစုံလာလာ ခန္ဓာကြီးကကော ရှိနေပြီဆိုရင် အဲဒီဘေး မျိုးစုံကိုလည်း သူက လက်မခံဘူးလား'

'လက်ခံပါတယ်ဘုရား'

http://www.dhammadownload.com



'ဒါဖြင့် ခန္ဓာရှိရင် ဘေးမျိုးစုံကိုလည်း ကြုံရမယ်၊ ခန္ဓာရှိရင် ဒုက္ခမျိုးစုံကိုလည်း ကြုံရမယ်၊ ခုနဖွားလေးက မိုးတွင်းမှာ အော်သလိုပဲ၊ ငါဒီမှာ ရှိတယ် လာကြ လာကြ၊ ဟော. . ချမ်းသာပေးမယ့် ပုဂ္ဂိုလ်တွေလား၊ ဒုက္ခပေးမယ့်ပုဂ္ဂိုလ်တွေလား'

'ဒုက္ခပေးမယ့်ပုဂ္ဂိုလ်တွေပါဘုရား'

'အခုလည်း ခန္ဓာရှိတဲ့အတွက်ကြောင့်မို့လို့ အအေးလည်းပဲ လာခဲ့၊ အပူလည်းပဲ လာခဲ့ နှိပ်စက်မှုသမျှတွေအားလုံးကို လာခဲ့၊ ခန္ဓာရှိတော့ ခန္ဓာက မခေါ်ဘူးလား'

'ခေါ်ပါတယ်ဘုရား'

'ခေါ်သမျှ ဘေးမျိုးစုံက ရောက်မလာဘူးလား'

'ရောက်လာပါတယ်ဘုရား'

'ခန္ဓာရှိတဲ့အတွက် ဇာတိဘေးက ဆိုက်ရောက်တာပဲနော်'

'မှန်လှပါဘုရား'

'ဇရာဘေးလည်း. . .'

'ရောက်ပါတယ်ဘုရား'

'အခု အိုခြင်းဒုက္ခ နှိပ်စက်ထားတာ ရစရာကော ရှိသေးရဲ့လား'

'မရှိပါဘူးဘုရား'

'မွမွကိုကြေနေလိုက်တာက နယ်ထားတဲ့ ကောက်ရိုးအတိုင်းပဲနော်'

'မှန်လှပါဘုရား'

'ကြေမွနေပါပြီ၊ ဇရာလက်တွင်းမှာ ဗျာဓိရဲ့ နှိပ်စက်မှုကလည်း မခံရဘူးလားဟေ့. . .'

'ခံရပါတယ်ဘုရား'

http://www.dhammadownload.com



'မရဏာရဲ့သဘောကော မကြုံဘူးလား'

'ကြုံပါတယ်ဘုရား'

'ဘာရှိလို့ ခေါ်နေတာ'

'ခန္ဓာရှိလို့ ခေါ်နေတာပါဘုရား'

'ဟော ခန္ဓာက ဘေးမျိုးစုံ ခေါ်နေတယ်လေ၊ ဖားလေးက မိုးရွာလို့ အော်နေတာသည်ပင် ဘာလုပ်နေတာ၊ သူ့ဘေးတွေ ခေါ်နေတာ၊ ဒုက္ခပေးမယ့် ပုဂ္ဂိုလ်တွေကို သူ့အနားကို ရောက်အောင် ခေါ်နေတာလေ၊ ငါဒီမှာရှိတယ် ငါဒီမှာရှိတယ်၊ ဟုတ်လားဟေ့'

'ဟုတ်ပါတယ်ဘုရား'

'အခုလည်း ခန္ဓာကြီးက ပြောနေပါတယ်၊ ရူပက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ ခန္ဓာငါးပါး မရှိဘူးလား'

'ရှိပါတယ်ဘုရား'

'အဲဒီခန္ဓာငါးပါးကလည်း ရူပက္ခန္ဓာကလည်း ဖောက်ပြန်သမျှ မင်းနှိပ်စက်စမ်း၊ ဝေဒနာက္ခန္ဓာလည်း ခံစားသမျှ မင်းနှိပ်စက်စမ်း၊ မခေါ်ဘူးလား'

'ခေါ်ပါတယ်ဘုရား'

'ခံစားတဲ့သဘောက ဘယ်သူ့လက်ချက်'

'ဝေဒနက္ခန္ဓာရဲ့ လက်ချက်ပါဘုရား'

'ဝမ်းသာတယ်ဆိုတာ နှိပ်စက်နေတာ၊ ဝမ်းနည်းတယ်ဆိုတာ'

'နှိပ်စက်နေတာပါဘုရား'

'ဖောက်ပြန်တတ်တဲ့သဘောက ရူပက္ခန္ဓာအလုပ် မဟုတ်ဘူးလား'

'ဟုတ်ပါတယ်ဘုရား'

http://www.dhammadownload.com



'နာတယ်၊ ကျင်တယ်၊ ကိုက်တယ်၊ ခဲတယ်၊ စူးတယ်၊ အောင့်တယ်၊ တုန်တယ်၊ ခုန်တယ်၊ ဟော. . . ရုပ်တရားကလည်းပဲ လက်ယပ်ခေါ်နေလိုက်တာ ဟောဒီကိန်းရာပုဂ္ဂိုလ်ကို လာနှိပ်စက်စမ်း၊ အဲဒီတော့ ရူပက္ခန္ဓာကတော့ မနှိပ်စက်ဘူးလား'

'နှိပ်စက်ပါတယ်ဘုရား'

'ဝေဒနက္ခန္ဓာကလည်း'

'နှိပ်စက်ပါတယ်ဘုရား'

'အငြိမ်မနေရအောင်ကို တုန်ခါပြီးတော့ကို ကြုံနေရတဲ့အဖြစ်၊ ဩော်. . ငါတို့ ကြီးစွာသောအပြစ်တွေသင့်နေတာ ဘာရရင်'

'ခန္ဓာရရင်ပါဘုရား'

'လူချမ်းသာဖြစ်၊ ဒီဒုက္ခဘေးကြုံမှာနော်'

'မှန်လှပါဘုရား'

'နတ်ချမ်းသာဖြစ်ချင်လည်း ဒီဒုက္ခ. . .'

'ကြုံရမှာပါဘုရား'

'ဒါကြောင့်မို့လို့ အဲဒီဘေးမျိုးစုံတွေနဲ့ သင့်နေတဲ့အပြစ် အကြီးဆုံးဟာ ခန္ဓာရလို့ပါကွာ၊ နောက်ထပ် လူချမ်းသာ၊ နတ်ချမ်းသာ လိုချင်ရင်လည်း ဒီဘေးစုံတွေကြုံမှာ၊ အဲဒါကြောင့်မို့လို့ ဟောဒီ ခန္ဓာဆင်းရဲကနေ နောက်ခန္ဓာကို လိုချင်ရင် အပြစ်တကာ့အပြစ်ထဲမှာ အကြီးဆုံး အပြစ်သင့်တာ၊ ဒီလိုဆိုရင် ဒုက္ခမျိုးစုံကို လက်ယပ်ခေါ်နေတာ ဘာရရင်တုန်း'

'ခန္ဓာရလို့ပါဘုရား'

'အဲဒီခန္ဓာကြီး ဘာကြောင့်များ ဘေးမျိုးစုံနဲ့ကြုံပြီး အနှိပ်စက်ခံရလဲ မေးတော့ သတ္တဝါအဖြစ်နဲ့ လည်ချင်တဲ့ဘဝတွေကို တို့က အာရုံပြုပြီး

http://www.dhammadownload.com



သဘောကျနေလို့၊ အဲဒီအာရုံပြုပြီး သဘောကျစရာလားကြည့်တော့ တစ်နေ့တစ်နေ့ စိတ်ကပြေးလွှားခိုင်းလိုက်တာ အငြိမ်နေရလားမေးတော့'

'မနေပါဘူးဘုရား'

'ဒုက္ခသေးလား. . . ကြီးလား'

'ကြီးပါတယ်ဘုရား'

'ကြီးမားတဲ့ ဒုက္ခတွေနဲ့ ရင်ဆိုင်ရတဲ့ အဲဒီသတ္တဝါအဖြစ်ကို ဘယ်သူက ပြစ်ချပေးတာ တဏှာ၊ သဘောပေါက်စေချင်တာနော်'

'မှန်လှပါဘုရား'

'မိမိတို့ တဏှာတရားတွေကြောင့် သတ္တဝါအဖြစ်နဲ့ လာဖြစ်နေတယ်၊ အဲဒီ သတ္တဝါအဖြစ်နဲ့ လာဖြစ်တော့ အငြိမ်နေရလားမေးတော့ ပြေးလွှား ရုန်းကန်ပြီး အို. . . သွားလိုက်ရတဲ့ ဒုက္ခတွေဟာ နည်းတာမှ မဟုတ်တာ၊ အဲဒီ ဒုက္ခတွေကို မင်းတို့ကို ဘယ်သူမှ ခိုင်းတာမဟုတ်ဘူး စိတ်က ပြေးခိုင်းနေတာ၊ အခုစိတ်ငြိမ်းတော့ ကိုယ်ကော မချမ်းသာဘူးလား'

'ချမ်းသာပါတယ်ဘုရား'

'စိတ်မအေးတော့ ကိုယ်ကော မနာဘူးလား'

'နာပါတယ်ဘုရား'

'ပြေးလွှားရုန်းကန်ရတဲ့ ဒုက္ခတွေ သက်သာစရာ တစ်ကွက်မှ မရှိဘူးကွာတဲ့၊ အဲဒါတွေကို မင်းတို့က မသိတဲ့အတွက် ဆွေမျိုးသားချင်းနဲ့ ပြန်ဆုံချင်တယ်၊ မိသားစုနဲ့ ပြန်ဆုံချင်တယ်၊ ဒီသား ဒီသမီးနဲ့ ပြန်ဆုံချင်တယ်၊ ဒီဇနီးမယားတွေကလည်း ပြန်ပြီးတော့ လက်တွဲမဖြုတ်ချင်ကြဘူး၊ အချင်းချင်းဖြစ်နေကြတာနော်၊ ဒီလိုဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီပုဂ္ဂိုလ်

http://www.dhammadownload.com



တွေ သတ္တဝါအဖြစ်နဲ့ ပြန်လည်တော့ ဒုက္ခဆင်းရဲချောက်ထဲ ပြန်မကျဘူးလား'

'ကျပါတယ်ဘုရား'

'အဲဒါကို ဘုရားရှင်က အကြီးဆုံးအပြစ်သင့်တာပဲ၊ အဲဒီအပြစ်သင့်တာ သိလို့လား၊ မသိလို့လား'

'မသိလို့ပါဘုရား'

'မသိတာက'

'အဝိဇ္ဇာပါဘုရား'

'ချော့နေတာက'

'တဏှာပါဘုရား'

'ဒီတရားပြန်ပေါ်အောင် မနည်းဟောရတာနော်'

'မှန်လှပါဘုရား'

'အဲတော့ ယနေ့သူတော်စင်တွေ ဘာကြောင့်များ တို့ဘေးတွေ သင့်နေလဲဆိုရင် ခန္ဓာရလို့၊ ဘာရလို့'

'ခန္ဓာရလို့ပါဘုရား'

'လူဖြစ်လည်း ဘာရမယ်'

'ခန္ဓာရမှာပါဘုရား'

'နတ်ဖြစ်လည်း'

'ခန္ဓာရမှာပါဘုရား'

'ဗြဟ္မာဖြစ်လည်း'

'ခန္ဓာရမှာပါဘုရား'

http://www.dhammadownload.com



'ဩော်. . . ယောကျ်ား၊ မိန်းမဖြစ်တော့လည်း'

'ခန္ဓာရမှာပါဘုရား'

'ဒါဖြင့် ဒီဘေးမျိုးစုံက ကြုံမှာပဲနော်'

'မှန်လှပါဘုရား'

'ဖားလေးအော်တာ မမေ့နဲ့နော်'

'မှန်လှပါဘုရား'

'မိုးရွာလို့ အော်ပြီဆိုရင် ဒီပုဂ္ဂိုလ်ဒုက္ခတွေတော့မှာပဲ၊ အခုလည်း ခန္ဓာရပြီဆိုရင် ဘာတွေ့မလဲ'

'ဒုက္ခတွေ့မှာပါဘုရား'

'ဘာရရင်'

'ခန္ဓာရရင်ပါဘုရား'

'ဖားလေး အသံလေးပေးလိုက်တာနဲ့ ဘာတွေ့တော့မယ်'

'ဒုက္ခတွေ့တော့မှာပါဘုရား'

'အခုလည်း တို့ခန္ဓာရရင်'

'ဒုက္ခတွေ့ရမှာပါဘုရား'

'ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခ၊ ဒီဒုက္ခအပြင် ရန်သူမျိုးငါးပါးဘေးကလည်း နှိပ်စက် မနှိပ်စက်'

'နှိပ်စက်ပါတယ်ဘုရား'

'အိုး. . . ပြင်ပရဲ့ နှိပ်စက်မှုတွေကလည်း ရစရာမရှိဘူးနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ခန္ဓာကိုယ်ကြီးမှာ လှိမ့်နေအောင် ခံရတဲ့ ဒုက္ခတွေကနည်းမှ မနည်းဘဲ၊ တဖြည်းဖြည်းနဲ့ မွမွကြေအောင် ပြိုပျက်နေတာလည်း ရစရာ မရှိတော့ဘူး၊ ဒီကြားထဲ အိပ်ယာဖျာကပ်လဲပြီး ညည်းညူအော်လောက် အောင်ကော အနှိပ်စက်မခံရဘူးလား'

'ခံရပါတယ်ဘုရား'

'အို. . . အဲဒီထဲမှာ သေပွဲဝင်ရအောင်ကို အနှိပ်စက် ခံရ မခံရ'

'ခံရပါတယ်ဘုရား'

'ဒီလောက်ကြီးမားတဲ့ဘေး ကြီးမားတဲ့အပြစ် အကြီးဆုံးသော ဒုက္ခတွေကို တို့တွေ ရင်ဆိုင်နေရတာ ဘာရရင်'

'ခန္ဓာရရင်ပါဘုရား'

'အေး. . . ဒီသတ္တဝါအဖြစ်နဲ့ ရောက်နေရတဲ့ ခန္ဓာကြီးဟာ ဒုက္ခ တွေက ကိုယ့်ကို နှိပ်စက်နေတာကွာလို့ မြတ်စွာဘုရားက အကြီးဆုံးဘေး ကို ပြလိုက်ပြီနော်'

'မှန်လှပါဘုရား'

'သတ္တဝါတွေရဲ့ အကြီးဆုံးဘေး၊ အကြီးဆုံး အပြစ်သည် ဘာခံရ တာ၊ ဒုက္ခခံရတာ၊ ဘာခံရတာ'

'ဒုက္ခခံရတာပါဘုရား'

'ဒါဖြင့် ဒုက္ခတရားသည် သတ္တဝါတွေအတွက် အကြီးဆုံးသော ဘေးပဲလို့ မဟောလိုက်ဘူးလား'

'ဟောလိုက်ပါတယ်ဘုရား'

'ဒါဖြင့် ဒီဘေးတွေ မသင့်ချင်ရင် ဘာမရအောင်'

'ခန္ဓာမရအောင် လုပ်ရမှာပါဘုရား'

http://www.dhammadownload.com



'ခန္ဓာမရချင်ရင်လည်း ဘာကို မဖြစ်အောင်'

'တဏှာကို မဖြစ်အောင် လုပ်ရမှာပါဘုရား'

'တဏှာမဖြစ်အောင်နေ၊ ခန္ဓာမရအောင်ကလည်း တဏှာမဖြစ်အောင်၊ တဏှာမဖြစ်အောင်ကလည်း ကိုယ့်ရဲ့ စည်းစိမ်ဥစ္စာတွေပေါ်မှာလည်း တွယ်တာမှုတွေမရှိအောင် အခုထဲက စိတ်ငြိမ်းချမ်းရေးလုပ်ရမယ်နော်၊ ဒီစိတ်က ကိုယ့်ကို ဒုက္ခတွေ အတော်ပေးခဲ့ပြီ၊ အဲဒီစိတ်ကိုပဲ ပြုပြင်လိုက်တာနဲ့ ငြိမ်းချမ်းတဲ့ ဒုက္ခလွတ်တဲ့နေရာကော မရနိုင်ဘူးလား'

'ရနိုင်ပါတယ်ဘုရား'

'ဒီလိုဆိုရင် တို့တွေအားလုံးအတွက် ကြောက်စရာအကြီးမားဆုံးဘေးကြီးသည် တခြားလား၊ ဒုက္ခတရားလား'

'ဒုက္ခတရားပါဘုရား'

'ဒီမှာဆက်ပြီးတော့မှ ဒုက္ခတရားဆိုတဲ့ တရားကိုတော့ တို့ အကြီးဆုံးဘေးလို့တော့ သိလိုက်ပြီ၊ အဲဒီအချိန်အခါမှာ ထပ်ပြီးတော့မှ တို့ပုဂ္ဂိုလ်သတ္တဝါလို့ ဆိုနေကြတဲ့ ပုဂ္ဂိုလ်တွေကို ထပ်လောင်းပြီးတော့မှ -

**"ပုဂ္ဂိုလ်သတ္တ၊ ဘယ်အရာမှ၊ မလွတ်ရပါလေသနည်း"**

'ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ အခုလိုမျိုးကြီးစွာသောဘေးကြီးသင့်တာဟာက ခန္ဓာရရင် ဟောဒီ ပုဂ္ဂိုလ် သတ္တဝါတွေမှာ လွတ်ကို မလွတ်ဘူးဆိုတာကိုတော့ သိပါပြီဘုရား၊ အခုလည်းပဲ ထပ်လောင်းပြီးတော့မှ ဒီလောက်ပြောနေပေမယ့် ဟောဒီ လူချမ်းသာနတ်ချမ်းသာတွေကို လိုချင်တဲ့ တဏှာက မစဲဘူးဘုရား၊ ဒါကြောင့်မို့လို့ ထပ်ပြီးတော့ ပုဂ္ဂိုလ် သတ္တဝါအဖြစ်နဲ့ ထပ်ပြီးတော့ တောင့်တပြီးတော့ လည်နေကြတယ်၊ အခုတော့ ပုဂ္ဂိုလ်သတ္တဝါဆိုတဲ့ အဲဒီလိုခေါ်ထားတဲ့

http://www.dhammadownload.com



ပုဂ္ဂိုလ်တွေ၊ အရာတွေ၊ ပုဂ္ဂိုလ် သတ္တဝါတွေ အားလုံးသည် ဘယ်အရာ၊ ဘယ်တရားတွေကနေပြီး မလွတ်ပါသလဲဆိုတဲ့ မေးခွန်းတစ်ခုမေးပြီနော်'

'မှန်လှပါဘုရား'

"ပုဂ္ဂိုလ်သတ္တ၊ ဘယ်အရာမှ၊ မလွတ်ရပါလေသနည်း" ဆိုတဲ့ မေးခွန်းတစ်ခု ထွက်လာပြီ၊ ယနေ့ သူတော်စင်တွေ တို့တွေပုဂ္ဂိုလ်သတ္တဝါ အဖြစ်နဲ့ မလည်ဘူးလား'

'လည်ပါတယ်ဘုရား'

'အဲဒီလည်နေရတဲ့အရာက ဘယ်က မလွတ်ဘူးလဲဆိုတဲ့ တစ်ချက် သိဖို့ပဲနော်၊ မသိရင်တော့ ဆက်ပြီးတော့ လည်ချင်မှာပဲ၊ ဟုတ်သလား'

'ဟုတ်ပါတယ်ဘုရား'

'အဲဒီတော့ ကိုယ်ဘာကြောင့်များ လည်နေလဲမေးရင် အခုလက်ရှိ ရတဲ့ သတ္တဝါတွေအဖြစ်နဲ့ ကြုံတွေ့နေရတဲ့ဘဝမှာ ကိုယ်လိုချင်တိုင်း ဖြစ်ခဲ့ရင် မည်သူမဆို သဘောမကျဘူးလား'

'ကျပါတယ်ဘုရား'

'ကိုယ်လိုချင်တာလေး မဖြစ်ရင်သာ စိတ်ဆင်းရဲနေကြတာ၊ ဒုက္ခလို့ ထင်နေကြတယ်၊ ဟုတ်တယ်နော်'

'မှန်လှပါဘုရား'

'ကိုယ်လိုချင်တာလေးကို မဖြစ်တဲ့အချိန်ဒုက္ခ၊ အဲဒါလေးတွေရလို့ အဆင်ပြေသွားရင် သုခ၊ ဒီလိုဆိုရင် ရတိုင်း ရတိုင်းမှာ မလိုချင်ဘူးလား'

'လိုချင်ပါတယ်ဘုရား'

'ထပ်ထပ်ပြီး ဒါမျိုးတွေကို မကြုံချင်ဘူးလား'

'ကြုံချင်ပါတယ်ဘုရား'

http://www.dhammadownload.com



'ကြုံချင်ရင် ဘယ်သူလာလဲ'

'တဏှာလာပါတယ်ဘုရား'

'တဏှာလာတယ်၊ အခုနေရ ထိုင်ရတာလေးက အကြောင်း အကျိုးညီနေရင် သဘောကျလို့ ဟောဒီခန္ဓာကိုယ်ကြီးက နေရထိုင်ရတာ အဆင်မပြေဘူး၊ မခံသာဘူးဆိုရင် သဘောမကျတော့ဘူး၊ အဲဒီ သဘော မကျတဲ့ အချိန်လေး လွတ်အောင်ပြေးချင်တာပဲ၊ သဘောကျနေလို့ ကတော့ဟော့. . . ကြိုက်သလောက်နေ အသက် (၁၀၀) လည်း နေချင် တာပဲ၊ (၁၂၀) လည်း နေချင်တယ်၊ (၁၈၀) လည်း မရပါဘူး၊ လွန်သွားပြီ ပေါ့နော်၊ နေချင်တာလေး ပြောတာပါ၊ အသက်တွေ ရှည်အောင်ကော မနေချင်ဘူးလားမေးရင် နေချင်တာပေါ့၊ ကိုယ်လိုချင်တာလေးဖြည့် ကိုယ့်ရဲ့ ဖြစ်ချင်တဲ့အရာလေးတွေကို ပြည့်စုံနေ၊ အဲဒါမျိုးဆိုရင် သဘောကို ကျလို့၊ ဒါတွေအားလုံး မဖြစ်တော့ဘူးဆိုရင် ကိုယ့်ရဲ့ခန္ဓာကိုယ်က နှိပ်စက်မှုတွေ ပြင်းထန်လာလို့ မခံသာတော့ဘူးဆိုရင် အဲဒီပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ကြိုက်ကို မကြိုက်တော့ဘူး၊ မကြိုက်တဲ့အတွက်ကြောင့်မို့လို့ ဒီကနေ ပြေးချင်တယ်ဆိုတဲ့သဘောလေးတွေ မပေါ်ဘူးလား ပေါ်လား'

'ပေါ်ပါတယ်ဘုရား'

'ဒီလိုဆိုရင် တို့တွေအားလုံးက သဘောကျရင် တစ်မျိုး၊ သဘော မကျရင် တစ်မျိုး မဖြစ်နေဘူးလား'

'ဖြစ်နေပါတယ်ဘုရား'

'အဲဒီသဘောကျတဲ့အရာပေါ်မှာလည်း ပုဂ္ဂိုလ် သတ္တဝါတွေအနေ နဲ့ ဟောဒီ သဘောကျတဲ့အရာပေါ်မှာလည်း မကြုံဘူးလား'

'ကြုံပါတယ်ဘုရား'

http://www.dhammadownload.com



'သဘောမကျတဲ့ အရာပေါ်မှာလည်း မကြုံဘူးလား'

'ကြုံပါတယ်ဘုရား'

'အဲဒီ ကြုံနေရတဲ့အရာသည် လွတ်ကို မလွတ်ဘူး၊ သတ္တဝါတိုင်းမှာ သဘောကျစရာလည်းပဲ ကြုံမှာပဲ၊ သဘောမကျစရာလည်း ကြုံမှာပဲ၊ လွတ်လားမေးရင်'

'မလွတ်ပါဘူးဘုရား'

'အဲဒီ မလွတ်တဲ့တရားကို သဘောကျရရင်တော့ သုခလို့ ထင်တာပဲ၊ သဘောမကျရင်တော့ ဒုက္ခလို့ မြင်တယ်၊ ဒီလိုဆိုရင် သဘောမကျတာလေးတွေများမှသာ လွတ်ချင်တာ၊ တစ်ကြိမ်လောက်များ သဘောကျစရာလေးကြုံပြီဆိုရင် မေ့မသွားဘူးလား'

'မေ့သွားပါတယ်ဘုရား'

'အဲဒီ သဘောကျစရာဆိုတဲ့ အရာကလည်း ခံသာတဲ့ သဘောလေးသည်လည်း သုခလား၊ ဒုက္ခလား'

'ဒုက္ခပါဘုရား'

'မခံသာတဲ့သဘောလေးသည်လည်း'

'ဒုက္ခပါဘုရား'

'သတ္တဝါတွေမှာ အဲဒါတွေ လွတ်ကို မလွတ်ဘူးနော်'

'မှန်လှပါဘုရား'

'ခံသာတာလည်းပဲ'

'ဒုက္ခပါဘုရား'

'မခံသာတာလည်း'

'ဒုက္ခပါဘုရား'

http://www.dhammadownload.com



'ခံသာတာလည်း ကြုံမယ်၊ မခံသာတာလည်း ကြုံမယ်၊ ဘာရရင် တုန်း'

'ခန္ဓာရရင်ပါဘုရား'

'သတ္တဝါအဖြစ်နဲ့ လည်နေရတဲ့ ဟောဒီ ခန္ဓာပိုင်ရှင်တိုင်း ကြုံကို ကြုံရမှာ၊ ဒါပေမယ့် တို့တွေက အဲဒါတွေအားလုံးကို သိအောင်ဆိုပြီး ကြိုးစားပေမယ့် ပုတီးလေး လည်ပင်းမှာချိတ် ဒါမှ မဟုတ်လည်းပဲ လက်လေးမှာ ဆွဲပြီးတော့မှ တစ်လုံးကို ဂျောက်ဂျက် ဂျောက်ဂျက်နဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တနဲ့ ရွတ်ပြီးတော့ သွားနေကြတာ များတယ်နော်'

'မှန်လှပါဘုရား'

'တကယ်တမ်းကျတော့ ဟောဒီခန္ဓာထဲမှာရှိတဲ့ တရားတွေအားလုံး သည် ပစ္စည်းတစ်ခုခု ပျောက်ဆုံးသွားသည်ဖြစ်စေ၊ ဆုံးရှုံး ပျက်စီးသည် ဖြစ်စေ၊ ကိုယ်လိုချင်တဲ့အရာလေးက ကိုယ့်ရဲ့သန္တာန်မှာ ရှိနေတုန်းက တော့ သဘောကျစရာအနေနဲ့ ခင်မင်တွယ်တာမှု တဏှာက မလျော့ခဲ့ ဘူး၊ အဲဒီ ဥစ္စာပစ္စည်းလေး ဆုံးရှုံးပျက်စီးသွားတာနဲ့ ဖျတ်ဆို စိတ်ဆင်းရဲ သောကကော မလာဘူးလား'

'လာပါတယ်ဘုရား'

'ဒါဖြင့်ရင် အဲဒီပုဂ္ဂိုလ်သတ္တဝါမှာ စိတ်ချမ်းသာစရာလို့ထင်တဲ့ အရာ လည်း မလွတ်ဘူးနော်၊ စိတ်ဆင်းရဲစရာလို့ ထင်တဲ့အရာလည်း မလွတ် အောင်ကို တွယ်နေတဲ့သဘော မရှိဘူးလား'

'ရှိပါတယ်ဘုရား'

'အဲဒီ တွယ်နေတဲ့ အရာလေးသည် ဟောဒီသတ္တဝါတွေ မလွတ်တဲ့ အရာတွေသည် ဘာလဲဆိုတာ မြင်အောင်ကြည့်စေချင်တာပဲနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အဲတော့ ကိုယ်က ခံသာတာလည်း ဒုက္ခ၊ မခံသာတာလည်း ဒုက္ခ၊ ဒါလေးသိထားရမယ်နော်၊ စိတ်ဆင်းရဲစရာလည်း ဒုက္ခ၊ စိတ်ချမ်းသာစရာလည်း ဒုက္ခ၊ ဒါလေးမြင်အောင် သိထားရမယ်နော်၊ အဲဒါကိုမှ မသိထားဘူးဆိုရင် အဲဒီပုဂ္ဂိုလ်သည် ဒုက္ခပြန်ကြိုက်မှာပဲ၊ ဟုတ်လား'

'မှန်လှပါဘုရား'

'ကဲ. . . ဒီလိုဆိုရင် တစ်ခါတုန်းက အလှူပွဲတစ်ပွဲမှာ ပင့်ထားတဲ့ ရဟန်းတော်တစ်ပါးက ဘုန်းကြီးတစ်ပါးကြွသွား၊ ကျောင်းသားတစ်ယောက်ပါသွားတယ်၊ အဲဒီပါသွားတော့ ကဲ. . . တရားချီးမြှင့်လိုက်ပြီ၊ ချီးမြှင့်ပြီးတော့ ဟိုက လှူဖွယ်ပစ္စည်းတွေကပ်လိုက်ပြီ၊ ငှက်ပျောသီးလည်း အခိုင်လိုက်ကြီး အမှည့်ကို ကပ်လိုက်တော့ ကျောင်းသားက ထမ်းပြီး ပြန်လာတယ်၊ နောက်ကနေ ကိုယ်တော်က ပါလာတယ်၊ အဲလိုပါရင်း ပါရင်းကနေပြီး ဟိုကလေးတာကိုး၊ လေးတဲ့အခါကျတော့ ဟိုပြောင်းလိုက် ဒီပြောင်းလိုက်ဆိုတော့ ငှက်ပျောသီးက မှည့်တော့ တဖြုတ်ဖြုတ်နဲ့ ကြွေကျကုန်ရော၊ ကြွေကျသွားတာသည် အဲဒီမှည့်တယ်ဆိုတော့ ခိုင်လား မခိုင်ဘူးလား'

'မခိုင်ပါဘူးဘုရား'

'မြဲလား မမြဲဘူးလား'

'မမြဲပါဘူးဘုရား'

'အနိစ္စ၊ ဒုက္ခ၊ အနတ္တ သူဟောပြီး ပြန်လာပြီနော်'

'မှန်လှပါဘုရား'

'အဲဒီတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟောပြီး ပြန်လာပြီးတော့ ငှက်ပျောခိုင်ကြီးပါလာတယ်နော်၊ အဲဒီ ငှက်ပျောခိုင်ကြီးကလည်း မှည့်နေတဲ့အတွက်ကြောင့်မို့လို့ သူ့မှာက ရှေ့က ကျောင်းသားက

http://www.dhammadownload.com



ထမ်းသွား၊ ညောင်းလွန်းအားကြီးလို့ ဟိုဘက်လှည့်လိုက်၊ ဒီဘက်လှည့်လိုက်နဲ့ ပြောင်းပါများတော့ ငှက်ပျောသီးက တစ်လုံးပြီးတစ်လုံး ပြုတ်ကျသွားတော့ အနိစ္စလို့ ဆင်ခြင်နိုင်ရဲ့လား'

'မဆင်ခြင်နိုင်ပါဘူးဘုရား'

'မဆင်ခြင်နိုင်ဘူးလား၊ ငှက်ပျောသီးခိုင်လေးကို ကြည့်လိုက်၊ တစ်လုံးပဲ ပြုတ်ကျတာနော်၊ အများကြီး မကျန်ဘူးလား'

'ကျန်ပါတယ်ဘုရား'

'မခိုင်တဲ့ နေရာက ပြုတ်ကျသွားတာသည် မြဲလား၊ မမြဲဘူးလား'

'မမြဲပါဘူးဘုရား'

'မမြဲလို့ပြုတ်တဲ့တရားကို ကိုယ်က ဟိုမှာတော့ မပြခဲ့ဘူးလား'

'ပြခဲ့ပါတယ်ဘုရား'

'မဟောခဲ့ဘူးလား'

'ဟောခဲ့ပါတယ်ဘုရား'

'ဒီကောင် ကောင်းကောင်းကို မထမ်းဘူး၊ ငြိမ်ငြိမ်ကို မသွားဘူး၊ ဟော. . . မြင်သေးလား'

'မမြင်ပါဘူးဘုရား'

'ငှက်ပျောသီးတစ်လုံး ပြုတ်ကျတာနော်၊ တကယ်လို့များ ကိုယ်နှစ်သက်တဲ့ ပစ္စည်းဥစ္စာတွေသာ ဆုံးရှုံးပျက်စီးမယ်ဆိုရင် ခံနိုင်ရည်ရှိပါ့မလား'

'မရှိပါဘူးဘုရား'

'လောကကြီးတစ်ခုလုံးသည် မပျက်စီးဘူးလား ပျက်စီးနေလား'

'ပျက်စီးပါတယ်ဘုရား'

http://www.dhammadownload.com



'ဟောဒီခန္ဓာကိုယ်ကြီးတစ်ခုလုံးလည်း မပျက်စီးဘူးလား၊ ပျက်စီးလား'

'ပျက်စီးပါတယ်ဘုရား'

'ကိုယ်နဲ့ သက်ဆိုင်တဲ့ ပတ်ဝန်းကျင်က အရာတွေကော မပျက်စီးဘူးလား ပျက်စီးလား'

'ပျက်စီးပါတယ်ဘုရား'

'အေး. . . အနိစ္စဆိုတဲ့ တရားတွေဟာ ကောင်းလည်း ပျက်မယ်၊ မကောင်းလည်း ပျက်မယ်၊ ဆိုးလည်း ပျက်မယ်၊ မဆိုးလည်း'

'ပျက်မှာပါဘုရား'

'ခံသာလည်း ပျက်မယ်၊ မခံသာလည်း'

'ပျက်မှာပါဘုရား'

'ပျက်ပျက်နေလို့ တခြားလား၊ ဒုက္ခလား'

'ဒုက္ခပါဘုရား'

'ဒါဖြင့် ပုဂ္ဂိုလ်သတ္တဝါ အဘယ်မှ မလွတ်ပါသလဲလို့မေးတဲ့ အချိန်အခါမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အဲဒီတရားအပေါ်မှာ နှလုံးသွင်းပြီးတော့ ခံသာလည်းပဲ ဒုက္ခပါကွာ၊ မခံသာလည်းပဲ ဒုက္ခပါကွာ၊ သတ္တဝါတွေ ကြုံတွေ့နေရတာ တစ်ခုမှ သုခမပါဘူးဟေ့. . .'

"ပုဂ္ဂိုလ်သတ္တာ၊ ဒုက္ခမှ၊ မလွတ်ရပါလေသတည်း"

'ဘယ်က မလွတ်ဘူးလဲ'

'ဒုက္ခက မလွတ်တာပါဘုရား'

'ပုဂ္ဂိုလ်သတ္တဝါအဖြစ် ကိုယ်ကကျင်လည်ပြီးတော့ သဘောကျစရာတွေဟာ သဘောကျစရာတစ်ခုမှမဟုတ်ဘူးဆိုတာအဆုံးသတ်နေတာနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ယနေ့ ကျင်လည်ရတဲ့ ဘဝတစ်ခုလုံးမှာ ဟောဒီ (၃၁) ဘုံထဲ ဖြစ်နေကြတဲ့ ပုံသဏ္ဍာန်မျိုးစုံကို သတ္တဝါလို့ သတ်မှတ်နေတဲ့အရာ၊ ဘယ်သူကဖြစ်စေသလဲလို့ အတိတ်ကိုပြန်ပြောင်းကြည့်လိုက်တော့ တဏှာအရင်းခံခဲ့တာပဲ၊ အဝိဇ္ဇာဆိုတဲ့ တရားက အမှောင်ချထားတယ် နော်၊ တဏှာက လိုချင်မှုတွေနဲ့ ကြိုးစားလိုက်တာကိုး၊ ဒါကြောင့် အပါယ်ချောက်ထဲကော မကျဘူးလား'

'ကျပါတယ်ဘုရား'

'သုဂတိဘုံကော မရဘူးလား'

'ရပါတယ်ဘုရား'

'ရလာတဲ့ ဘဝတွေမှာ သတ္တဝါအဖြစ်နဲ့ ထပ်ပြီးတော့မှ အားကျပြီး ကျင်လည်တာက မိသားစုတွေ့ပြန်လည်း မခွဲချင်ကြဘူး၊ ဆွေမျိုးသားချင်း ဆုံတော့လည်း လက်တွဲချင်ကြတယ်၊ တစ်ဦးကိုတစ်ဦးကလည်း လက်တွဲ မဖြုတ်ချင်ဘူးဆိုကတည်းကိုက ပုဂ္ဂိုလ်သတ္တဝါအဖြစ် မလည်ဘူးလား၊ လည်မလား'

'လည်ပါတယ်ဘုရား'

'အေး. . . လည်ရတဲ့ဘဝမှာ တစ်စက်လေးမှ သာယာဖွယ်မရှိတာ သက်သာဖွယ်မရှိတာက မင်းတို့ကွာ ဟောဒီကိုယ်ကြီး ပင်ပန်းပြီးတော့ ဒုက္ခမျိုးစုံကြုံအောင် စိတ်တရားက ပြေးခိုင်းတယ်ကွာ၊ မင်းတို့ အငြိမ် မနေရအောင် ခိုင်းနေတယ်၊ ဒုက္ခသက်သက်နဲ့ကြုံနေရတဲ့ဘဝ မြင်စမ်းပါ၊ ဘုရားက မဟောပေးဘူးလား'

'ဟောပေးပါတယ်ဘုရား'

'သို့သော် တို့တွေက အဲဒါလေးကို အဲလောက်ဟောရုံလေးနဲ့

http://www.dhammadownload.com



မမြင်ဘူးနော်၊ မမြင်တဲ့အတွက်ကြောင့်မို့လို့ နတ်သားလေးက တစ်ဆင့်တက်ပြီးတော့မှ ဒီသတ္တဝါတွေသည် အကြီးဆုံးသောဘေးကြီးဟာ ဘယ်ဘေးပါလဲဘုရား မဟောဘူးလား'

'ဟောပါတယ်ဘုရား'

'သူကမေးတဲ့အတွက် ဘုရားကဟောမယ်၊ ဒုက္ခတရားက ဘေးကြီးကွာ၊ ဘာတရားက'

'ဒုက္ခတရားပါဘုရား'

'အဲဒီ သတ္တဝါအဖြစ်နဲ့လည်ခဲ့တဲ့ ပုဂ္ဂိုလ်သတ္တဝါတိုင်း ဇာတိဒုက္ခဘေး စ, မတွေ့ဘူးလား'

'တွေ့ပါတယ်ဘုရား'

'ဇရာ ဗျာဓိ မရဏ ဒုက္ခဘေး'

'တွေ့ပါတယ်ဘုရား'

'ရန်သူမျိုးငါးပါးဘေး'

'တွေ့ပါတယ်ဘုရား'

'အို. . . ဘေးပေါင်းများစွာနဲ့ ကြုံပြီးတော့ ဒုက္ခမျိုးစုံနဲ့ ဝန်းရံခနေတဲ့တရားတွေ လွတ်ကိုမလွတ်ပါဘူးကွာတဲ့၊ အဲဒီဘေးတွေက ခန္ဓာရရင်ကြုံရမှာမို့လို့ ဟောဒီခန္ဓာဆင်းရဲကို မမြင်တဲ့ပုဂ္ဂိုလ် နောက်ခန္ဓာ တောင့်တပြီး လိုချင်ရင် အပြစ်တကာ့အပြစ်ထဲမှာ အကြီးဆုံးအပြစ်၊ အခုတစ်ခါထပ်ပြီးတော့မှ သတ္တဝါတွေ ဘယ်ကမလွတ်ဘူးလဲလို့ မေးတဲ့အခါမှာ ဒုက္ခက မလွတ်ပုံလေးကို ခံသာလည်းပဲ ဒုက္ခကွာ သာယာမနေနဲ့၊ မခံသာလည်းဒုက္ခ၊ စိတ်ဆိုး စိတ်ပျက်ပြီး နေမနေနဲ့ဟုတ်လား'

'ဟုတ်ပါတယ်ဘုရား'

http://www.dhammadownload.com



'အဲဒါလေးကို မသိသမျှ ကျင်လည်ရတဲ့ဘဝကို ကျေနပ်နေမယ် နော်၊ ခုတော့ ကိုယ်ကျင်လည်ရတဲ့ ဘဝတစ်လျှောက်လုံးမှာ ဘာနဲ့ရင်ဆိုင် ရမယ်'

'ဒုက္ခနဲ့ရင်ဆိုင်ရမှာပါဘုရား'

'သာယာစရာလို့ အဆင်ပြေနေတဲ့အခါလေးလည်း ဘာနဲ့ကြုံနေ တာ'

'ဒုက္ခနဲ့ ကြုံနေရပါတယ်ဘုရား'

'စိတ်ပျက်စရာလို့ ဝမ်းနည်းစရာအဖြစ်တွေနဲ့ ကြုံနေလည်း ဘာနဲ့ကြုံနေတာ'

'ဒုက္ခနဲ့ ကြုံနေတာပါဘုရား'

'အေး. . . အဲဒီဒုက္ခတရားတွေကနေ ယနေ့လွတ်အောင် ကြိုးစား ဖို့ အတွက်ကို -

"ဘယ်တရားဟာ၊ သတ္တဝါ၊ မှီရာဖြစ်ပါလေသနည်း"

'ကဲ. . . . သတ္တဝါတွေအတွက်ကို ဟောဒီဒုက္ခမျိုးစုံကြုံနေတဲ့ ဆင်းရဲသက်သက်နဲ့ခံနေရတဲ့ဘဝဆိုးကြီးကို မြင်သွားပြီ၊ အဲဒါကြောင့်မို့လို့ ပြော်. . ဒီသတ္တဝါတွေ ဒီလောက်ထိ ကျင်လည်ရတဲ့ဘဝမှာ ရုန်းမထွက် နိုင်အောင် ဘာကြောင့်များ ဒီလိုကြုံနေရသလဲ၊ ဘယ်တရားတွေကိုမှီလို့ ဖြစ်နေရတာလဲ၊ ဘယ်တရားတွေမှီရင် ဘယ်လိုလွတ်နိုင်သလဲ၊ ဒါလေး တွေကို စဉ်းစားမိတဲ့အတွက်ကြောင့်မို့လို့ ဘယ်တရားဟာ သတ္တဝါတွေ အတွက်ကို မှီရာဖြစ်ပါသလဲလို့ နတ်သားလေးက မေးလိုက်ပြီနော်၊ အဲတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဟောဒီသတ္တဝါတွေ မှီရာကို ထောက်ပြတဲ့နေရာမှာ သတ္တဝါတွေအားလုံး ဖြစ်ပေါ်လာတိုင်း ဖြစ်ပေါ်

http://www.dhammadownload.com



လာတိုင်း တဏှာရဲ့ စေခိုင်းမှုအောက်မှာ တခြားလုပ်ခဲ့တာလား၊ ကံတရားတွေလား'

'ကံတရားတွေပါဘုရား'

'ကံတရားတွေလုပ်တာနော်'

'မှန်လှပါဘုရား'

'မိမိတို့ ကောင်းတဲ့ကံ လုပ်လို့လည်း ကောင်းတဲ့ဘဝ လာရတာပေါ့။ မကောင်းတဲ့ကံလုပ်တော့ မကောင်းတဲ့အပါယ်လေးဘုံ မကျဘူးလား'

'ကျပါတယ်ဘုရား'

'ကဲ. . . ယနေ့ အဲဒီတရားတွေပေါ်မှာ ရသမျှကို ပြန်ကြည့်လိုက်တော့ ခန္ဓာ ဒုက္ခသစ္စာဆိုတဲ့ အပြစ်ဘေးကြီးကို ကြုံနေရပြီ၊ ဒုက္ခတွေ မလွတ်အောင် ခံနေရပြီ၊ ကြိုက်တဲ့နေရာကိုရောက် ဒုက္ခလွတ်သလား'

'မလွတ်ပါဘူးဘုရား'

'မလွတ်တဲ့ ဒီဒုက္ခနဲ့ ရင်ဆိုင်နေရတာကို မသိပြန်ရင် ဒီဘက်က လာပြီး တဏှာက လာအုံးမှာ၊ အဲဒီ တဏှာလာပြီဆိုရင် ယနေ့ ကံတရား မလုပ်ဘူးလား'

'လုပ်ပါတယ်ဘုရား'

'ကဲ-ယနေ့ သူတော်စင်တွေ ကိုယ်ရထားတဲ့ဘဝလေး မမေ့နဲ့နော်'

'မှန်လှပါဘုရား'

'မြင့်မြတ်တဲ့ လူ့ဘဝကနေ တစ်ဆင့်ထက်တစ်ဆင့် မြင့်မြတ်သထက် မြင့်မြတ်ပြီးတော့ နိဗ္ဗာန်ရောက်သည့်တိုင်အောင် ပန်းတိုင်ကို တက်လှမ်းဖို့ ဒုက္ခကလွတ်ချင်ရင် တို့မှီနေတဲ့ တရားလေးကို သတိထားရမှာနော်၊ သတ္တဝါတွေ မှီခဲ့တာက ဟောဒီကံတရားတွေကို မှီခဲ့တယ်၊

http://www.dhammadownload.com



ဘာတရားက မှီခဲ့တယ်'

'ကံတရားပါဘုရား'

'အတိတ်ကလည်း အဝိဇ္ဇာ တဏှာအုပ်ချုပ်ပြီး ကံ သင်္ခါရ မလုပ်ဘူးလား'

'လုပ်ပါတယ်ဘုရား'

'သတ္တဝါအဖြစ်နဲ့ လာမရဘူးလား'

'ရပါတယ်ဘုရား'

'အခုလည်းပဲ ကိုယ်လိုချင်တဲ့ တရားလေးတွေကို သဘောကျနေရင် တဏှာအုပ်ချုပ်ပြီးတော့ ကံလုပ်အုံးမှာပဲ၊ ကံလုပ်ရင် သတ္တဝါအဖြစ် ပြန်မရဘူးလား'

'ရပါတယ်ဘုရား'

'ရရင် ဒုက္ခနဲ့ တွေ့မတွေ့'

'တွေ့ပါတယ်ဘုရား'

'ဒီလိုဆိုရင် အဘယ်တရားက သတ္တဝါတွေအတွက် မှီရာဖြစ်သလဲ လို့ မေးရင် -

**"ကံတရားဟာ၊ သတ္တဝါ၊ မှီရာဖြစ်ပါလေသတည်း"**

'မိမိတို့ပြုတဲ့ကံ မကောင်းရင် မကောင်းသလို အပါယ်ကျမှာပဲ၊ ကောင်းရင် ကောင်းသလိုလည်းပဲ ကိုယ့်ကို မကယ်သွားဘူးလား'

'ကယ်သွားပါတယ်ဘုရား'

'ဒီလိုဆိုရင် သတ္တဝါတွေသည် ဘာမှီဖြစ်လာသလဲ'

'ကံကို မှီပြီးဖြစ်ပါတယ်ဘုရား'

http://www.dhammadownload.com



'ကိုယ်သွားချင်တဲ့ နေရာကို သွားဖို့အတွက်လည်း ဘာမှီရမှာလဲ'

'ကံကို မှီရမှာပါဘုရား'

'ကိုယ်လုပ်ခဲ့တဲ့ ကံပဲနော်'

'မှန်လှပါဘုရား'

'အခုအချိန်ခါမှာ သူတော်စင်များကို တစ်ယောက်ယောက်ကနေပြီးတော့ မကောင်းပြောမယ်၊ အပြောမခံလိုက်ရဘူးလား'

'ခံလိုက်ရပါတယ်ဘုရား'

'အဲဒီအပြောခံလိုက်ရတဲ့အတွက် ကိုယ်ကခံချင်လား'

'မခံချင်ပါဘူးဘုရား'

'မခံချင်ရင် ပြန်မပြောဘူးလား'

'ပြောပါတယ်ဘုရား'

'သေချာတယ်နော်'

'သေချာပါတယ်ဘုရား'

'ကဲ. . . ဒီတော့ ဟောဒီတစ်ယောက်က ပြောလိုက်ပြီ ကိုယ့်ကို မကောင်းတာ၊ အဲဒီမကောင်းတာလေး ပြောလိုက်တယ်ကို ကြားတယ်နော်၊ ကြားတော့ ကိုယ်ကမခံချင်ဘူး၊ မခံချင်တော့ ပြန်မပြောဘူးလား'

'ပြောပါတယ်ဘုရား'

'အဲဒီလိုပြန်ပြောလိုက်ရင် ကံမြောက်ပြီ၊ ပြန်ပြောလိုက်ရင်'

'ကံမြောက်ပါပြီဘုရား'

'ကံမြောက်ပြီဆိုတာနဲ့ ကမ္မဘဝပစ္စယာ'

'ဇာတိပါဘုရား'

http://www.dhammadownload.com



'ဟော. . . ဇာတိဘေးစသင့်ပြီ၊ ဇာတိဘေးသင့်တာနဲ့ ဇရာ၊ ဗျာဓိ၊ မရဏဘေးတွေက ဝိုင်းလာပြီးတော့ ကိုယ့်ကိုမနှိပ်စက်ပြန်ဘူးလား'

'နှိပ်စက်ပါတယ်ဘုရား'

'ဘာလုပ်လိုက်လို့လဲ'

'ကံလုပ်လိုက်လို့ပါဘုရား'

'ကံလုပ်လိုက်တဲ့အတွက် ဒုက္ခတွေ မျိုးစုံကြုံသွားပြီနော်'

'မှန်လှပါဘုရား'

'ဒါလေးကို ကိုယ်က မသိတဲ့အတွက်ကြောင့်မို့လို့ ကံတွေကို အကြိမ်ကြိမ်လုပ်ခဲ့တာ၊ အဲဒီကံတွေကို မှီခဲ့ပြီး အပါယ်ချောက်က မတက်အောင် ဒုက္ခရောက်ခဲ့ပြီးပြီ၊ အခုတစ်ခါ လူ့ဘဝ၊ နတ်ဘဝလို့ ကောင်းတယ်လို့ ပြောတဲ့ အရာကိုလည်း ဘုရားက ဒုက္ခလို့ပဲ ဟောတယ်၊ အဲဒီ ဒုက္ခတွေကို ကြုံနေတာလည်းပဲ တို့တွေက မလွတ်တာသည် ဒီကံကို မှီနေတာပဲ၊ ဘာမှီတာလဲ'

'ကံကို မှီတာပါဘုရား'

'ခုကြည့်လေ၊ လူတစ်ယောက်က ကိုယ့်ကို ပြောလိုက်တယ်၊ မကောင်းတာပဲပြောပြော ဒါမှမဟုတ်ရင်လည်းပဲ မျက်စောင်းလေး ထိုးလိုက်မယ်၊ အဲဒီမျက်စောင်းထိုးလိုက်တဲ့အခါမှာ ကိုယ်မမြင်ဘူးလား'

'မြင်ပါတယ်ဘုရား'

'ကိုယ်ကမခံချင်ရင် ပြန်မထိုးဘူးလား'

'ထိုးပါတယ်ဘုရား'

'ထိုးရင် တခြားလား ကံလား'

'ကံပါဘုရား'

http://www.dhammadownload.com



'ဟောဒီကံလေး ငါပြုရင် ကမ္ဘာဝပစ္စယာ'

'ဇာတိပါဘုရား'

'ဘာသစ္စာ'

'ဒုက္ခသစ္စာပါဘုရား'

'ပြုတုန်းကတော့ ကံနော်၊ ဒုက္ခရောက်မယ်မှန်းသိလား'

'မသိပါဘူးဘုရား'

'ဒုက္ခမရဘူးလား'

'ရပါတယ်ဘုရား'

'ဒီဒုက္ခတွေကို ကိုယ်က လွတ်အောင်လို့ ယနေ့လာပြီး ကြိုးစားနေတာနော်'

'မှန်လှပါဘုရား'

'အဲဒီလိုဆိုရင် လူတစ်ယောက်က သူတော်စင်များကို ပြောလိုက်တယ်၊ မကောင်းတာဘဲပြောပြော၊ စိတ်ဆိုးအောင်ပဲ ပြောပြော၊ မျက်စောင်းပဲထိုးထိုး၊ သူတော်စင်များက အဲဒီအချိန်အခါမှာ သူပြုတာသည်ကံ၊ သူပြုတာသည်. . .'

'ကံပါဘုရား'

'သူမပြုဘူးလား၊ ပြုလိုက်လား'

'ပြုလိုက်ပါတယ်ဘုရား'

'ကိုယ်က ပြန်ပြောမိတယ်၊ ပြန်ပြုမိတယ်ဆိုရင်လည်း တခြားလား၊ ကံလား'

'ကံပါဘုရား'

http://www.dhammadownload.com



'အဲဒီကံတွေသည် ကြောက်စရာကောင်းလောက်အောင်ကို သတ္တဝါတွေမှာ မှီနေတာ ဒုက္ခရောက်ဖို့သက်သက်ပဲ တွေ့ရပါလားဟေ့၊ အဲဒီတော့ သူတော်စင်များက ကံမြင်လား၊ လူမြင်လား'

'လူမြင်ပါတယ်ဘုရား'

'ဟောဒီတစ်ယောက်က မကောင်းတာပြောမယ်နော်၊ စိတ်ဆိုးအောင် ပြောမယ်၊ အဲဒါသည်ပင် ကိုယ်က ကံမြင်လိုက်လား၊ လူမြင်လိုက်လား'

'လူမြင်လိုက်ပါတယ်ဘုရား'

'လူမြင်တော့ ကျေနပ်လား'

'မကျေနပ်ပါဘူးဘုရား'

'မကျေနပ်တော့ ပြန်မပြောဘူးလား'

'ပြန်ပြောပါတယ်ဘုရား'

'မကျေနပ်တာက ဒေါသ ပြန်ပြောလိုက်တော့ ကံ၊ ဒေါသအုပ်ချုပ်တဲ့ကံကြောင့် ဇာတိ၊ ဇရာ၊ မရဏ သွားပြန်ပြီ ဟုတ်လားဟေ့. . .'

'ဟုတ်ပါတယ်ဘုရား'

'သတ္တဝါတွေ ထည်လဲဖြစ်နေတာ ဘာမှီတာ'

'ကံမှီလို့ပါဘုရား'

'အဲဒီကံကို မှီပြီးဖြစ်နေကြတာ ကောင်းတဲ့ဘဝကို ရောက်တာလည်း ဘယ်သူ့မှီတာတုန်း'

'ကံကို မှီတာပါဘုရား'

'ကဲ. . . . လူချမ်းသာကို ဖြစ်ချင်တယ်၊ ဖြစ်ချင်တဲ့ တဏှာကြောင့် တို့တွေက ဒါနကုသိုလ် လာမလုပ်ရဘူးလား'

'လုပ်ရပါတယ်ဘုရား'

http://www.dhammadownload.com



'သီလကုသိုလ်ကံတွေ မစောင့်ရဘူးလား'

'စောင့်ရပါတယ်ဘုရား'

'အဲဒီကံကို မှီတဲ့အတွက် လူ့ဇာတိ၊ နတ်ဇာတိ ရပြီ၊ လူချမ်းသာ၊ နတ်ချမ်းသာလို့ ပြောတယ်၊ ဘာသစ္စာတုန်း'

'ဒုက္ခသစ္စာပါဘုရား'

'သတ္တဝါတွေ ဘယ်သူ့မှီဖြစ်'

'ကံကို မှီဖြစ်ပါတယ်'

'သတ္တဝါတွေရဲ့ မှီရာနော်'

'မှန်လှပါဘုရား'

'ဒီလိုဆိုရင် မိမိတို့အတွက်ကတော့ဖြင့် ကုသိုလ်ကို ယနေ့ မလုပ်ဘူးလား'

'လုပ်ပါတယ်ဘုရား'

'ဒါနကုသိုလ် လုပ်တယ်၊ သီလကုသိုလ် လုပ်တယ်၊ ဘာဝနာကုသိုလ် တွေ လုပ်တယ်၊ အဲဒီ ကုသိုလ်တရားသည် ကုသိုလ်ဆိုတာက ကောင်းကျိုးကိုပေး၍ မကောင်းကျိုးကို ဖျက်ဆီးတတ်တဲ့ ကိုယ်ပိုင်ဥစ္စာ မှတ်ထားနော်'

'မှန်လှပါဘုရား'

'အကုသိုလ်သည် မကောင်းကျိုးကိုပေး၍ ကောင်းကျိုးကို ဖျက်ဆီးတတ်တဲ့အတွက် ကိုယ်ပိုင်ဥစ္စာ မဟုတ်ဘူး၊ ယနေ့ သူတော်စင်များက သူများက ပြောလိုက်တယ်၊ အဲဒီ ပြောလိုက်တာသည် သူပြုတဲ့ကံ သူခံရလိမ့်မယ်ဟဲ့ ဟုတ်လား'

'ဟုတ်ပါတယ်ဘုရား'

http://www.dhammadownload.com



'ဒါပေမယ့် ကိုယ်က ကံမြင်လား၊ လူမြင်လား'

'လူမြင်ပါတယ်ဘုရား'

'လူမြင်တော့ မကျေနပ်၊ မကျေနပ်တော့ ပြန်ပြော၊ ပြန်ပြု၊ ပြန်ကြံ လိုက်တဲ့အတွက် ကိုယ်ကော ကံမပြောက်ဘူးလား'

'ပြောက်ပါတယ်ဘုရား'

'ကံပြောက်ရင် ဇာတိဒုက္ခချောက်ထဲကို ကျ၊ သတ္တဝါအဖြစ်နဲ့လည် ဒီလိုနဲ့ မဆုံးတော့ဘူးနော်၊ ဟုတ်သလား'

'ဟုတ်ပါတယ်ဘုရား'

'အေး. . . တို့တွေအားလုံးသည် သတ္တဝါအဖြစ်နဲ့ လည်နေရတာ ဘယ်သူ့မှီတာ'

'ကံကို မှီတာပါဘုရား'

'အဲဒီတော့ ဘုရားကပေ့. . ပုဂ္ဂိုလ် သတ္တဝါရှိတာလား၊ ခန္ဓာလား'

'ခန္ဓာပါဘုရား'

'ဘာရှိတာတုန်း'

'ခန္ဓာရှိတာပါဘုရား'

'ခန္ဓာကို အကျဉ်းချုံးတော့ ဘာနဲ့ဘာ'

'ရုပ်နဲ့နာမ်ပါဘုရား'

'ဇာတိ ပစ္စယာ ဇရာမရဏာဆိုတဲ့အတိုင်း ဖြစ်ပြီးရင်'

'ပျက်ပါတယ်ဘုရား'

'ရုပ်၊ နာမ်ဓမ္မတွေသည် ဖြစ်ပြီးရင်'

'ပျက်ပါတယ်ဘုရား'

http://www.dhammadownload.com



'အဲဒီတရားလေးအပေါ်မှာသာ ဘာအာရုံပြုလို့ သတိထားလို့ နှိပ်စက်တဲ့အသွင်ကို ဉာဏ်မှာထင်ရင် ဒုက္ခသစ္စာလေး မမြင်လာဘူးလား'

'မြင်လာပါတယ်ဘုရား'

'ဒုက္ခသစ္စာမြင်တဲ့ ဟောဒီဉာဏ်က ယနေ့သူတော်စင်များကို တဏှာ အုပ်ချုပ်တဲ့ကံတွေကို ဖျက်သိမ်းလိမ့်မယ်၊ ဒေါသ မောဟ အုပ်ချုပ်တဲ့ကံတွေကို ဖျက်သိမ်းလိမ့်မယ်၊ အဲဒီကံတွေကို ဖျက်သိမ်းလိုက်ရင် အပါယ်ချောက်က လွတ်မနေဘူးလား'

'လွတ်နေပါတယ်ဘုရား'

'သုဂတိချောက်ကတစ်ဆင့် နိဗ္ဗာန်ကော လမ်းမပွင့်နိုင်ဘူးလား'

'ပွင့်နိုင်ပါတယ်ဘုရား'

'ဟောဒါဆိုရင် တို့မှီရမှာသည် သတ္တဝါအဖြစ်နဲ့ ကံကို မှီခဲ့ပေမယ့် ဟော. . . ပုဂ္ဂိုလ်သတ္တဝါမရှိ၊ ခန္ဓာပဲ ရှိတယ်၊ ရုပ်နာမ်ပဲ ရှိတယ်ဆိုတဲ့ ဘုရားဟောတဲ့ တရားပေါ်မှာ အသိကိန်းပြီးတော့မှ ကိုယ်မှီရမှာက ကံလား၊ ဉာဏ်လား'

'ဉာဏ်ပါဘုရား'

'သတ္တဝါတွေရဲ့ မှီရာကတော့ ကံနော်'

'ယနေ့ ပုဂ္ဂိုလ်သတ္တဝါ ရှိတာလား'

'မရှိပါဘူးဘုရား'

'တခြားရှိတာလား၊ ခန္ဓာရှိတာလား'

'ခန္ဓာရှိတာပါဘုရား'

'ရှိသမျှ ခန္ဓာ ဘာသစ္စာ'

'ဒုက္ခသစ္စာပါဘုရား'

http://www.dhammadownload.com



'ဒါကြောင့် လိုချင်စရာတစ်စက်မှ မရှိပါလားဆိုတဲ့ ဒုက္ခဘေးကြီး သင့်ပုံကို ဘုရားက ဟောဒီ ဆင်းရဲခန္ဓာကနေ နောက်ဆင်းရဲခန္ဓာကို ရတာသည် အကြီးတကာ့အကြီးဆုံး အပြစ်သင့်တယ်လို့ ပြောပေးတဲ့ သတိပေးစကားကိုနာကြားမိတဲ့ ယနေ့ သူတော်စင်များက အလှူရှင်နဲ့ တကွ အားလုံးသော သူတော်စင်တွေက ဒီခန္ဓာ ဒုက္ခဘေးကြီးက လွတ်ဖို့ ကျွတ်ဖို့ လှူပါတယ်ဆိုတော့ ဉာဏ်မပါလာဘူးလား'

'ပါလာပါတယ်ဘုရား'

'ဉာဏ်ကို မှီတဲ့အတွက်ကြောင့်မို့လို့ တဏှာကို သေစေတယ်နော်'

'မှန်လှပါဘုရား'

'အဝိဇ္ဇာကော မချုပ်ဘူးလား'

'ချုပ်ပါတယ်ဘုရား'

'အဝိဇ္ဇာ တဏှာချုပ်ရင် ကိလေသာ ပယ်လိုက်တာပဲ'

'မှန်လှပါဘုရား'

'ကိလေသာပယ်ရင် သမုဒယ မသေဘူးလား'

'သေပါတယ်ဘုရား'

'သေတာက တခြားမှီလို့လား ဉာဏ်မှီလို့လား'

'ဉာဏ်မှီလို့ပါဘုရား'

'မှီတဲ့ဉာဏ်က ဘာသစ္စာ'

'မဂ္ဂသစ္စာပါဘုရား'

'ပြတဲ့ခန္ဓာ ရုပ်နာမ်ရဲ့ အဖြစ်အပျက်က'

'ဒုက္ခသစ္စာပါဘုရား'

http://www.dhammadownload.com



'ကိလေသာတွေ သေသွားတာက'

'သမုဒယသစ္စာပါဘုရား'

'ကဲ. . . ဒီလိုဆိုရင် နောက်ထပ် ခန္ဓာဆင်းရဲရသလား'

'မရပါဘူးဘုရား'

'ဇာတိဘေး၊ ဇရာဘေးသင့်သလား'

'မသင့်ပါဘူးဘုရား'

'ဗျာဓိဘေး၊ မရဏဘေး လွတ်မသွားဘူးလား'

'လွတ်သွားပါတယ်ဘုရား'

'ဘေးမျိုးစုံကလည်း လွတ်၊ ဒုက္ခဆင်းရဲကလည်း လွတ်သွားတာ ယနေ့ သတ္တဝါတွေ ပုဂ္ဂိုလ်အဖြစ်နဲ့ ပြတဲ့အရာတွေပေါ်မှာ မှီတဲ့ကံကို ဖြတ်ပြီးတော့မှ ဘုရားပေးတဲ့ ဉာဏ်လေးနဲ့ တို့ကမှီပြီးတော့မှ လျှမှနော်'

'မှန်လှပါဘုရား'

'ယနေ့ ရက် (၁၀၀) စခန်းဝင်တာ ဘာမှီဖို့'

'ဉာဏ်မှီဖို့ပါဘုရား'

'သံသရာမှာ ကျင်လည်ရတဲ့အခါမျိုးမှာတော့ ဘာမှီရမယ်'

'ကံမှီရမှာပါဘုရား'

'ဒါလေးမမေ့နဲ့နော်'

'မှန်လှပါဘုရား'

'ဒါကြောင့်မို့လို့ သတ္တဝါတွေရဲ့မှီရာလို့ ပြောလိုက်တော့ ဩော်-ကံကိုမှီတော့လည်း ကောင်းကံနဲ့ဆိုးကံ မရှိဘူးလား'

'ရှိပါတယ်ဘုရား'

http://www.dhammadownload.com



'အေး. . . ကာယကံအပြုတွေ ကောင်းအောင်၊ ဝစီကံ အပြုတွေ ကောင်းအောင် အကုသိုလ်ကံသည် ကောင်းကျိုးမှန်သမျှ ဖျက်ဆီးတယ်၊ အကုသိုလ်ကံသည်. . .'

'ကောင်းကျိုးမှန်သမျှကို ဖျက်ဆီးပါတယ်ဘုရား'

'မျက်စောင်းထိုးတာ ကုသိုလ်လား၊ အကုသိုလ်လား'

'အကုသိုလ်ပါဘုရား'

'အတင်းပြောတာ ကုသိုလ်လား၊ အကုသိုလ်လား'

'အကုသိုလ်ပါဘုရား'

'မကျေနပ်မှုနဲ့ ပြောနေတာသည်'

'အကုသိုလ်ပါဘုရား'

'မကျေနပ်မှုနဲ့ပြုနေတာသည်'

'အကုသိုလ်ပါဘုရား'

'အကုသိုလ်ကို ပြုရင် ကုသိုလ်တွေ မှန်သမျှ ပျက်စီးသွားတာပဲ၊ ပျက်စီး သွားရင် ကိုယ်ပိုင်ဥစ္စာဟုတ်သေးလား'

'မဟုတ်ပါဘူးဘုရား'

'ကိုယ်ပိုင်ဥစ္စာမဟုတ်တဲ့အတွက် အပါယ်ဒုက္ခချောက်ထဲ ကျမှာနော်'

'မှန်လှပါဘုရား'

'ကဲ. . . ကိုယ်ပိုင်ဥစ္စာကို ထုပ်ဆိုတော့ သတ္တဝါအဖြစ်နဲ့ လည်ခဲ့ရတဲ့ သတ္တဝါတွေမှာ သံသရာထဲမှာ ကျင်လည်ရတဲ့ဘဝတစ်လျှောက် ပြည့်စုံအောင်တော့ သူတော်စင်များသည် ဒါနကုသိုလ်မလုပ်ရဘူးလား'

'လုပ်ရပါတယ်ဘုရား'

http://www.dhammadownload.com



'သီလကုသိုလ်'

'လုပ်ရပါတယ်ဘုရား'

'ဘာဝနာကုသိုလ်'

'လုပ်ရပါတယ်ဘုရား'

'အဲဒီ ကုသိုလ်တရားတွေကို ယနေ့ အလှူရှင်တွေကော မလုပ်ဘူးလား'

'လုပ်ပါတယ်ဘုရား'

'ကဲ. . . အလှူခံပုဂ္ဂိုလ်တွေလည်း မလုပ်ထားဘူးလား'

'လုပ်ထားပါတယ်ဘုရား'

'လုပ်ထားတဲ့ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်သည် အကုသိုလ်တွေကို မကောင်းတာတွေ ဖျက်ဆီးလိုက်တယ်'

'မှန်လှပါဘုရား'

'ကုသိုလ်ကောင်းကျိုးမပေးဘူးလား'

'ပေးပါတယ်ဘုရား'

'မကောင်းကျိုးကို ဖျက်ဆီးတဲ့အတွက်ကြောင့်မို့လို့ သံသရာထဲမှာ အပါယ်က လွတ်အောင်ကို ကိုယ့်ကို မကယ်ဘူးလား'

'ကယ်ပါတယ်ဘုရား'

'ဒါကြောင့် ဘာဥစ္စာ'

'ကိုယ်ပိုင်ဥစ္စာပါဘုရား'

'ကဲ. . . ယနေ့ ကိုယ်ပိုင်ဥစ္စာကော ထုတ်မသွားဘူးလား'

'ထုတ်သွားပါတယ်ဘုရား'

http://www.dhammadownload.com



'ကိုယ်ပိုင်ဉစ္စာထုတ်ပြီးတော့ သံသရာထဲမှာ ပုဂ္ဂိုလ်သတ္တဝါအဖြစ်လည်ရတဲ့ဘဝသည် အကြီးဆုံးသော ဘေးကြီးသင့်တာပဲဟေ့၊ ဟောဒီသတ္တဝါတွေသည် ဒုက္ခက မလွတ်ဘူးဟေ့၊ အဲဒါကြောင့်မို့လို့ ခံသာလည်း ဒုက္ခ၊ မခံသာလည်း ဒုက္ခ၊ ဒီဒုက္ခတွေကို မြင်အောင်ကြည့်ဖို့အတွက်က ရုပ်နာမ်ဓမ္မတွေရဲ့ ဖြစ်ပျက်ကို မြင်ရင်ကို မပြီးဘူးလား'

'ပြီးပါတယ်ဘုရား'

'ကဲ. . ရုပ်တရား၊ နာမ်တရားတွေမှာ ခံသာတဲ့ ရုပ်ရဲ့ ဖောက်ပြန်မှု၊ မခံသာတဲ့ ရုပ်ရဲ့ဖောက်ပြန်မှု၊ ခံသာတဲ့ ခံစားမှု၊ မခံသာတဲ့ ခံစားမှု ဝေဒနာပိုင်းကကော မပြဘူးလား'

'ပြပါတယ်ဘုရား'

'ရုပ်ပိုင်းကကော မပြဘူးလား'

'ပြပါတယ်ဘုရား'

'ဘာပဲပြပြ၊ ခံသာတဲ့ ရုပ်လည်း ဖြစ်ပြီးရင်'

'ပျက်ပါတယ်ဘုရား'

'မခံသာတဲ့ ရုပ်လည်း ဖြစ်ပြီးရင်'

'ပျက်ပါတယ်ဘုရား'

'ခံသာတဲ့ ခံစားမှုလည်း ဖြစ်ပြီးရင်'

'ပျက်ပါတယ်ဘုရား'

'မခံသာတဲ့ ခံစားမှုလည်း ဖြစ်ပြီးရင်'

'ပျက်ပါတယ်ဘုရား'

'ဖြစ်ပျက်ရုပ်နာမ် ဘာသစ္စာ'

'ဒုက္ခသစ္စာပါဘုရား'

http://www.dhammadownload.com



'မြင်သိတဲ့ ဉာဏ်က'

'မဂ္ဂသစ္စာပါဘုရား'

'ဒါဖြင့် ဘာအမှီရသွား'

'ဉာဏ်အမှီရသွားပါတယ်ဘုရား'

'ဉာဏ်အမှီရသွားတော့ ဟောဒီ တဏှာအုပ်ချုပ်တဲ့ကံတွေကို မဖျက်ဘူးလား'

'ဖျက်ပါတယ်ဘုရား'

'ဖျက်ရင် သေချာပေါက် အပါယ်မလွတ်ဘူးလား'

'လွတ်ပါတယ်ဘုရား'

'ကံကုန်အောင် ဖျက်လိုက်ပြီဆိုရင် ဒုက္ခသိမ်းတဲ့ နိဗ္ဗာန်ကော မရဘူးလား'

'ရပါတယ်ဘုရား'

'အဲလို အသိဉာဏ်တွေယှဉ်ပြီး လျှောက်မယ်ဆိုရင် ဘဝက တန်ဖိုးမရှိဘူး လား'

'ရှိပါတယ်ဘုရား'

'အေး. . . အဲဒီလို လျှောက်ကြပါလို့ တိုက်တွန်းရင်းပဲ တရားပွဲကို သာဓု သုံးကြိမ်ခေါ် တော်လိုက်ကြအောင်'

( သာဓု . . . သာဓု . . . သာဓု )

http://www.dhammadownload.com

http://www.dhammadownload.com